ဖေဖော်ဝါရီလ (၇-၈) ရက်၊ ၂၀၂၀ ပြည့်နှစ်

# ကချင်ပြည်နယ် လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရေး အဖွဲ့ဖွဲ့စည်းခြင်း အစီရင်ခံစာ

MYANMAR MEITI Extractive Industries Transparency Initiative

“ပွင့်လင်းမြင်သာ တာဝန်ယူပါ”

## မာတိကာ

**၁။ အစီရင်ခံစာ အနှစ်ချုပ်......5**

**၂။ အစီရင်ခံစာ၏ ရည်ရွယ်ချက်......6**

**၃။ ကျင်းပပြုလုပ်ခဲ့သည့် နေ့ရက်၊ နေရာနှင့် တက်ရောက်သူများ......6**

**၄။ ကချင်ပြည်နယ် SNU ဖွဲ့စည်းနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲအပေါ် မျှော်မှန်းချက်......7**

**၅။ ကချင်ပြည်နယ်တွင် SNU ဖွဲ့စည်းရန် ဆုံးဖြတ်ချက်......8**

**၆။ "ကချင်ပြည်နယ် SNU ဖွဲ့စည်းနိုင်ရန် EITI နှင့် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များ မိတ်ဆက်ခြင်း အခမ်းအနား" ကျင်းပခြင်း......9**

(က) ကချင်ပြည်နယ်ဝန်ကြီးချုပ်မှ အဖွင့်အမှာစကား ပြောကြားခြင်း......9

(ခ) ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ အမှာစကား ပြောကြားခြင်း......10

(ဂ) EITI စံနှုန်းနှင့် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းတင်ပြခြင်း......11

(ဃ) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ကိုယ်စားလှယ်များမှ ရှင်းလင်းတင်ပြခြင်း......13

(င) တက်ရောက်သူများမှ မေးမြန်းဆွေးနွေးခြင်း......17

**၇။ "ကချင်ပြည်နယ် SNU ဖွဲ့စည်းခြင်းအလုပ်ရုံဆွေးနွေးပွဲ" ကျင်းပ ခြင်း......19**

(က) ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးမှ အဖွင့်အမှာ စကား ပြောကြားခြင်း......19

(ခ) EITI စံနှုန်းနှင့် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းတင်ပြခြင်း......20

(ဂ) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ အခန်းကဏ္ဍများအား ရှင်းလင်းတင်ပြခြင်း......21

(ဃ) တိုင်း/ ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ တာဝန်၊ ဝတ္တရားနှင့် လုပ်ငန်း လမ်းညွှန်များအား ရှင်းလင်းတင်ပြခြင်း......26

(င) ကချင်ပြည်နယ် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရန် အမည်စာရင်း အဆိုပြု ခြင်း၊ အတည်ပြုခြင်းနှင့် ကချင်ပြည်နယ် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း......27

(စ) ယခင် SNU ဖွဲ့စည်းခြင်းအတွေ့အကြုံများနှင့် SNU ဖွဲ့စည်းထား ရှိခြင်း၏ အကျိုးကျေးဇူး များအား ရှင်းလင်းတင်ပြခြင်း......31

**၈။ ရှေ့လုပ်ငန်းစဉ်များ......37**

**နောက်ဆက်တွဲများ ............................................................................................................39**

(၁.၁) EITI စံနှုန်းနှင့် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များအား မိတ်ဆက်ရှင်းလင်းတင်ပြခြင်း အခမ်းအနား အစီအစဉ် ....................................................................................................39

(၁.၂) ကချင်ပြည်နယ် SNU ဖွဲ့စည်းခြင်းအလုပ်ရုံဆွေးနွေးပွဲ အစီအစဉ် .................................40

(၂.၁) EITI စံနှုန်းနှင့် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များအား မိတ်ဆက်ရှင်းလင်းတင်ပြခြင်း အခမ်းအနား တက်ရောက်သူစာရင်း ........................................................................41

(၂.၂) ကချင်ပြည်နယ် SNU ဖွဲ့စည်းခြင်းအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူစာရင်း ..............44

(၃) တိုင်း/ ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ တာဝန်၊ ဝတ္တရားနှင့် လုပ်ငန်း လမ်းညွှန်များ ....................................................................................................49

# ၁။ အစီရင်ခံစာ အနှစ်ချုပ်

မြန်မာနိုင်ငံ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်း မြင်သာမှု ဖော်ဆောင်ရေး (Extractive Industries Transparency Initiative – EITI) လုပ်ငန်းစဉ်များ အကောင်အထည် ၏ဖော်ဆောင်ရာတွင် ယခင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးရုံး မှ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက်နေ့ ရက်စွဲပါ စာအမှတ် (၃၂၉၅/၂၀၁၇) နှင့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၅) ရက်နေ့ ရက်စွဲပါ စာအမှတ်(၂၁၉၅/၂၀၁၈) တို့ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် များအားလုံးတွင် တိုင်း/ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Sub-National Coordination Unit/ SNU) များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ထုတ်ပြန်ထားပါသည်။ ယခုအခါ စစ်ကိုင်း တိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီ တိုင်း တို့တွင် SNU များဖွဲ့စည်းနိုင် ခဲ့ပြီးဖြစ်ပါသည်။

EITI လုပ်ငန်းစဉ်များတွင် ကချင်ပြည်နယ်မှ ပတ်သက်စပ်နွယ်သူများ (Stakeholder) များ ပူးပေါင်းပါဝင်နိုင်ရေးအတွက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ကိုယ်စားလှယ်များ ဦးဆောင် ကာ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၇) ရက်နေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အစိုးရ အဖွဲ့ရုံးတွင် EITI စံနှုန်းနှင့် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များအား မိတ်ဆက် ရှင်းလင်း တင်ပြခဲ့ပြီး ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် မြစ်ကြီးနားမြို့၊ Cartel Hotel တွင် ကချင်ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရေး အဖွဲ့ ဖွဲ့စည်းခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။ ကချင်ပြည်နယ် ဝန်ကြီးချုပ်၊ ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကချင်ပြည်နယ် အစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနများမှ အဆင့်မြင့် အရာရှိများ၊ ကချင်ပြည်နယ် သယံဇာတကဏ္ဍ လုပ်ငန်းရှင်များအား ကိုယ်စားပြုသည့် ကချင်ပြည်နယ် သတ္တုလုပ်ငန်းရှင်များအသင်း၊ ကချင်ပြည်နယ် ကျောက်မျက်ရတနာ လုပ်ငန်းရှင် အသင်း၊ ဖားကန့်ကျောက်မျက် ရတနာလုပ်ငန်းရှင်အသင်း၊ ကချင် ပြည်နယ် သစ်လုပ်ငန်းရှင် အသင်း စသည့် အသင်းများမှ ကိုယ်စားလှယ်များနှင့် ကချင်ပြည်နယ်ရှိ မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့မှ ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ အခမ်းအနားများသို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ယင်းအခမ်းအနားများတွင် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ တာဝန်ရှိသူများက EITI စံနှုန်း များ၊ မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်အကောင်အထည်ဖော်ဆောင်မှုများ၊ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု၊ အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်း၊ မြန်မာနိုင်ငံအနေဖြင့် အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်း ရလဒ် ရရှိပြီး နောက်ပိုင်း ဆက်လက်ပြုပြင်ဆောင်ရွက်ရမည့် အချက်များအား အကျဉ်းချုပ် တင်ပြခဲ့ကြပါသည်။ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ကိုယ်စားလှယ်များမှ မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်တွင် ပါဝင် အကောင်အထည်ဖော်ဆောင်မှုများ၊ သက်ဆိုင်ရာကဏ္ဍအလိုက်

တာဝန်ဝတ္တရားများ၊ ပူးပေါင်းဆောင်ရွက် ထားရှိမှုများစသည့်တို့အား အသီးသီးမျှဝေခဲ့ကြပါသည်။ ထို့နောက် ကချင်ပြည်နယ် SNU ဖွဲ့စည်းနိုင်ရန်အတွက် ကိုယ်စားလှယ်နှင့် အရန်ကိုယ်စားလှယ် အမည်စာရင်းများ ကဏ္ဍအလိုက် အသီးသီးအဆိုပြု ခဲ့ကြပါသည်။ အမည်စာရင်းများအား အတည်ပြု ပြီးနောက် ကချင်ပြည်နယ် SNU အား အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပါသည်။

ထို့အပြင် ကချင်ပြည်နယ် SNU နာယကဖြစ်သူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီး ဦးဆောင်ကာ အဖွဲ့ဝင်ကိုယ်စားလှယ်များနှင့် အရန်ကိုယ်စားလှယ်များသည် မိတ်ဆက် အစည်းအဝေးတစ်ခု ကျင်းပကာ အဖွဲ့ဝင်များအကြား မိတ်ဆက်ခြင်း၊ ကချင်ပြည်နယ် SNU ဖွဲ့စည်းပြီးကြောင်း အမိန့်ကြော်ငြာစာ ထွက်ရှိရေးနှင့် ပထမအကြိမ် အစည်းအဝေးကျင်းပရန် နေ့ရက်နှင့် ဆွေးနွေးလိုသည့် အကြောင်းအရာများ ညှိနှိုင်းလျာထားခြင်းတို့အား ဆွေးနွေးခဲ့ ကြပါသည်။

## ၂။ အစီရင်ခံစာ၏ ရည်ရွယ်ချက်

ဤအစီရင်ခံစာသည် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၇-၈) ရက်နေ့များ၌ ကချင်ပြည်နယ်တွင် ကျင်းပခဲ့သည့် အခမ်းအနား၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ယင်းမှ ထွက်ပေါ် လာသော ရှေ့လုပ်ငန်းစဥ်များနှင့် တွေ့ရှိချက်များ၊ စိန်ခေါ်မှုများအား မှတ်တမ်း တင်နိုင်ရန်နှင့် နောင် SNU ဖွဲ့စည်းမှုများအတွက် ပြင်ဆင်မှုများတွင် အထောက်အကူပြုစေနိုင်ရန် ရည်ရွယ်ပါသည်။

## ၃။ ကျင်းပပြုလုပ်ခဲ့သည့် နေ့ရက်၊ နေရာနှင့် တက်ရောက်သူများ

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၇) ရက်နေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အစိုးရ အဖွဲ့ရုံးတွင် "ကချင်ပြည်နယ် SNU ဖွဲ့စည်းနိုင်ရန် EITI နှင့် မြန်မာနိုင်ငံ EITI လုပ်ငန်းစဥ်များ မိတ်ဆက်ခြင်း အခမ်းအနား" အား ၁၄း၀၀ နာရီမှ ၁၆း၀၀ နာရီအထိ ကျင်းပခဲ့ကြပါသည်။ (အခမ်းအနားအစီအစဥ်အား နောက်ဆက်တွဲ (၁.၁) ဖြင့် ဖော်ပြထားပါသည်။) ကချင်ပြည်နယ် ဝန်ကြီးချုပ်၊ ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကချင်ပြည်နယ် အစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနများမှ အဆင့်မြင့်အရာရှိများ၊ ကချင်ပြည်နယ် သယံဇာတ ကဏ္ဍ လုပ်ငန်းရှင်များအားကိုယ်စားပြုသည့် ကချင် ပြည်နယ် သတ္တုလုပ်ငန်းရှင် များအသင်း၊ ကချင် ပြည်နယ် ကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်း၊ ဖားကန့်ကျောက်မျက် လုပ်ငန်းရှင်အသင်း၊ ကချင်ပြည်နယ်သစ်လုပ်ငန်းရှင်အသင်းစသည့် အသင်းများမှ ကိုယ်စားလှယ် များနှင့် ကချင်ပြည်နယ်ရှိ မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့် ပေါင်းအဖွဲ့ဝင်များ၊ EITI Unit (ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန) မှ တာဝန်ရှိသူများ နှင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ တာဝန်ရှိသူများ အပါအဝင် ယင်းအခမ်းအနားသို့ တက်ရောက်သူပေါင်း (၅၂) ဦး

(ကျား - ၄၁ ဦး၊ မ - ၁၁ ဦး) ပါဝင် တက်ရောက်ခဲ့ကြပါသည်။ (တက်ရောက်သူစာရင်းအသေးစိတ်အား နောက်ဆက်တွဲ (၂.၁) ဖြင့် ဖော်ပြ ထားပါသည်။)

"ကချင်ပြည်နယ် SNU ဖွဲ့စည်းခြင်းအလုပ်ရုံဆွေးနွေးပွဲ" အား ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့၌ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ Cartel Hotel တွင် ၀၉း၃၀ နာရီမှ ၁၆း၀၀ နာရီအထိ ကျင်းပခဲ့ပါသည်။ (အလုပ်ရုံ ဆွေးနွေးပွဲအစီအစဥ်အား နောက်ဆက်တွဲ (၁.၂) ဖြင့် ဖော်ပြထားပါသည်။) ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ကချင်ပြည်နယ် ဌာနဆိုင်ရာ များမှ တာဝန်ရှိသူများ၊ ကချင်ပြည်နယ် သယံဇာတကဏ္ဍ လုပ်ငန်းရှင် များအား ကိုယ်စားပြုသည့် ကချင်ပြည်နယ် သတ္တုလုပ်ငန်းရှင်များအသင်း၊ ကချင် ပြည်နယ် ကျောက်မျက် ရတနာလုပ်ငန်းရှင် အသင်း၊ ဖားကန့် ကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်း၊ ကချင်ပြည်နယ်သစ်လုပ်ငန်းရှင်အသင်း စသည့် အသင်းများမှ ကိုယ်စားလှယ်များနှင့် ကချင်ပြည်နယ် ရှိ မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှု ဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့် ပေါင်းအဖွဲ့ဝင်များ၊ EITI Unit (ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန) မှ တာဝန်ရှိသူများ နှင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ တာဝန်ရှိသူများ အပါအဝင် ယင်းအခမ်းအနားသို့ တက်ရောက်သူ ပေါင်း (၉၅) ဦး (ကျား - ၇၅ ဦး၊ မ - ၂၀ ဦး) ပါဝင် တက်ရောက်ခဲ့ကြပါသည်။ (တက်ရောက်သူစာရင်းအသေးစိတ်အား နောက်ဆက်တွဲ (၂.၂) ဖြင့် ဖော်ပြထားပါသည်။)

## ၄။ ကချင်ပြည်နယ် SNU ဖွဲ့စည်းနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲအပေါ် မျှော်မှန်းချက်

SNU များ ဖွဲ့စည်းခြင်းဖြင့် သက်ဆိုင်ရာပြည်နယ်/တိုင်း ဒေသကြီး အတွင်း သဘာဝသယံဇာတ များ စီမံအုပ်ချုပ်မှုလုပ်ငန်းများတွင် EITI စံနှုန်းနှင့်အညီ ရေရှည်တည်တံ့သော လူမှုစီးပွားဖွံ့ဖြိုးမှုကို ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြင့် သက်ဆိုင်သူများ အားလုံးအတူ ပူးပေါင်းလုပ်ဆောင်ရန် မျှော်မှန်းကာ EITI ဆိုင်ရာအမြင်ဖွင့်ခြင်းနှင့် စွမ်းဆောင်ရည် တည်ဆောက်မှုသင်တန်းများ အကောင်အထည်ဖော်ရာတွင် အစိုးရ၊ ပုဂ္ဂလိကနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပံ့ပိုးကူညီပေး နိုင်ရန်၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်မှုကို မြင့်တင်ရန်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် EITI လုပ်ငန်းစဥ်များ အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရမည့် အခြေအနေ များနှင့် အခက်အခဲများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများအတူ ဖော်ထုတ်ဖြေရှင်းခြင်းနှင့် မဖြစ်အောင် ကြိုတင်ကာကွယ်ပြင်ဆင်ခြင်းများ အတူလက်တွဲ လုပ်ဆောင်ရန်၊ ပြည်ထောင်စုအဆင့် သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့၏ ကျင့်ဝတ်များနှင့် လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာ လုပ်ဆောင်ရန်၊ ပြည်နယ်/ တိုင်းဒေသကြီးအတွင်း

သယံဇာတတူးဖော်ထုတ်လုပ်နေသည့် လုပ်ငန်းများတွင် လုပ်ကိုင်နေ သည့် ကုမ္ပဏီများအား ပွင့်လင်းမြင်သာမှုရှိအောင် တွန်းအားပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် SNU များအား ဖွဲ့စည်းခြင်းဖြစ်ပါသည်။

ထို့အတွက် ယင်းကချင်ပြည်နယ် SNU ဖွဲ့စည်းနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲအား အောက်ပါ ရည်မှန်းချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပါသည်-

- ကချင်ပြည်နယ်ရှိ သယံဇာတဆိုင်ရာ ပတ်သက်စပ်နွယ်သူများ (အစိုးရကဏ္ဍ၊ လွှတ်တော်ကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်အဖွဲ့အစည်းများကဏ္ဍ) မှ EITI အကြောင်းနှင့် မြန်မာနိုင်ငံ EITI အကောင်အထည်ဖော်မှု များအား သိရှိနားလည်စေရန်၊
- SNU ၏ လုပ်ငန်းတာဝန်များအား သိရှိနားလည်းစေရန်နှင့်
- ကချင်ပြည်နယ်အတွင်း အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်အဖွဲ့အစည်းများကဏ္ဍမှ ကိုယ်စားလှယ်များ ပါဝင်သည့် SNU တစ်ခု ဖွဲ့စည်းနိုင်ရန်

## ၅။ ကချင်ပြည်နယ်တွင် SNU ဖွဲ့စည်းရန် ဆုံးဖြတ်ချက်

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၁၃) ရက်နေ့၌ ကျင်းပခဲ့သည့် လုပ်ငန်းအစီအစဥ်နှင့်စီမံအုပ်ချုပ်မှု လုပ်ငန်းခွဲကော်မတီတွင် ပြန်ကြားရေးနှင့် ပြင်ပဆက်ဆံရေး လုပ်ငန်းခွဲကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၂၃) ရက်နေ့ တွင် ချမှတ်ခဲ့သည့် SNU ဖွဲ့စည်းခြင်းဆိုင်ရာ အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြရာ ကချင်ပြည်နယ် တွင် SNU ဖွဲ့စည်းရန်နှင့် ဖွဲ့စည်းရာတွင် ကုန်ကျစရိတ်များ အတွက် MATA မှ ၎င်းတို့၏ ဘဏ္ဍာရေးမူဝါဒနှင့်အညီ ပံ့ပိုးကူညီရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ယင်းဆုံးဖြတ်ချက်များအား ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့၌ (၂၄) ကြိမ် မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစည်းအဝေးတွင် ထပ်မံအတည်ပြု ဆွေးနွေးခဲ့ကြပြီး ကချင်ပြည်နယ်တွင် SNU သွားရောက်ဖွဲ့စည်း နိုင်ရန် ကချင်ပြည်နယ် အစိုးရအဖွဲ့ နှင့် ချိတ်ဆက်ညှိနှိုင်းမှုများ စတင်ပြုလုပ်ခဲ့ကြပါသည်။

ထို့နောက် ကချင်ပြည်နယ်သို့ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၇-၈) ရက်နေ့များတွင် သွားရောက်ရန် လျာထားးစီစဥ်အပြီးတွင် ကချင်ပြည်နယ် အစိုးရကဏ္ဍမှ တာဝန်ရှိသူများ၊ ကချင်ပြည်နယ်တွင် သယံဇာတဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ ကချင်ပြည်နယ်ရှိ အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်နိုင်ရန် ချိတ်ဆက်ညှိနှိုင်းခြင်းများ၊ ဖိတ်ကြားမှုများ စတင်ပြုလုပ်ခဲ့ပါသည်။

## ၆။ "ကချင်ပြည်နယ် SNU ဖွဲ့စည်းနိုင်ရန် EITI နှင့် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များ မိတ်ဆက်ခြင်း အခမ်းအနား" ကျင်းပခြင်း

### (က) ကချင်ပြည်နယ်ဝန်ကြီးချုပ်မှ အဖွင့်အမှာစကား ပြောကြားခြင်း

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၇) ရက်နေ့ကျင်းပခဲ့သည့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အစိုးရအဖွဲ့ရုံးတွင် EITI စံနှုန်းနှင့် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များအား မိတ်ဆက်ရှင်းလင်းတင်ပြခြင်းအခမ်းအနားတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ်မှ အဖွင့်မိန့်ခွန်းပြောကြား ရာတွင် ကချင်ပြည်နယ်ဟာ ခါကာဘိုရာဇီ၊ ဂန်လန်ရာဇီ၊ ဖုန်ကန်ရာဇီ၊ မဒွယ်ရာဇီတောင်တန်းများ၊ ဟူးကောင်းမြေပြန့်လွင်ပြင်၊ မိုးကောင်းမြေပြန့်လွင်ပြင်၊ မေခ၊ မလိခမြစ်၊ ဧရာဝတီမြစ် စသည့် မြစ်များစီးဆင်းပြီး သစ်တော ဖုံးလွှမ်းသောဧရိယာ ၇၃.၄၅ ရာခိုင်နှုန်းရှိကာ ကမ္ဘာကျော် ကျောက်စိမ်းထွက်ရှိရာ ဒေသဖြစ်သည့်အပြင် သယံဇာတပေါကြွယ်ဝသည့် ဒေသလည်းဖြစ်ကြောင်း၊


ကချင်ပြည်နယ် ဝန်ကြီးချုပ် မှ အဖွင့်အမှာစကား ပြောကြားစဉ်

မြန်မာနိုင်ငံ အနေဖြင့် EITI လုပ်ငန်းစဉ်များကို ၂၀၁၄ ခုနှစ်မှ စတင်ပြီး အဖွဲ့ဝင်နိုင်ငံ အဖြစ် လျှောက်ထားကာ ယခုလက်ရှိအချိန်အထိ EITI စံနှုန်း သတ်မှတ်ချက်များ အတိုင်း အစီရင်ခံစာများ နှစ်စဉ် ထုတ်ပြန်ခြင်း၊ စံနှုန်း လိုအပ်ချက်အရ သတ်မှတ်ချက်များအတိုင်း ပြည့်မီစွာ အကောင်အထည် ဖော်နိုင်ရန် ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်မှုများအား သိရှိရကြောင်း၊ မြန်မာ နိုင်ငံ EITI လုပ်ငန်းစဉ် အကောင်အထည်ဖော်မှုအတွက် Meaningful Progress (အဓိပ္ပါယ်ရှိသော တိုးတက်မှု) အဖြစ် သတ်မှတ်ခံခဲ့ရတဲ့အတွက်လည်း များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ EITI လုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံ၏ တွင်းထွက် သယံဇာတ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်လာ စေရေးတို့အတွက် တွန်းအားတစ်ခု ဖြစ်လာရန် မျှော်လင့်မိကြောင်း၊

ကချင်ပြည်နယ်တွင် SNU ဖွဲ့စည်းနိုင်ရေးကိစ္စရပ်အား ဖေဖော်ဝါရီလ (၈) ရက် နေ့တွင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြေ◌ာင်း၊ ဖွဲ့စည်းပြီးနောက် SNU လုပ်ငန်းလမ်းညွှန် (Term of

Reference) အပေါ် အခြေခံပြီး တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ် ခြင်း လုပ်ငန်းများ ၏ လက်ရှိမြေပြင် ပေါ်တွင် ဖြစ်ပေါ်နေသည့် အခြေအနေအမှန်များအား EITI စံ သတ်မှတ်ချက်အရ အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်အဖွဲ့အစည်းကဏ္ဍ ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းမည့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြေရှင်းသွားရမည် ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့်လည်း အတတ်နိုင်ဆုံးပူးပေါင်းကူညီပေးမည် ဖြစ်ကြောင်း၊ EITI လုပ်ငန်းစဉ် အကောင်အထည်ဖောင်ဆောင်ခြင်းမှ တစ်ဆင့် တွင်းထွက်သယံဇာတနှင့် သက်ဆိုင်သော လုပ်ငန်းစဉ် များကို ပိုမိုပွင့်လင်းမြင်သာပြီး တာဝန်ယူမှု တာဝန်ခံမှုဖြင့် သယံဇာတများ၏ မူလပိုင်ရှင်ဖြစ်သည့် နိုင်ငံသူနိုင်ငံသားများ၏ အကျိုးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြပါရန်နှင့် သယံဇာတကဏ္ဍ စီမံအုပ်ချုပ်မှုပိုမိုကောင်းမွန်လာခြင်းသည်လည်း မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အထောက်အကူဖြစ်လာစေမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

## (ခ) ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ အမှာစကား ပြောကြားခြင်း

ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ အမှာစကားပြောကြားရာတွင် EITI လုပ်ငန်းစဉ်သည် ကဏ္ဍတစ်ခုတည်းမှ တာဝန်ခံကာ ဆောင်ရွက်နေခြင်းမဟုတ်ပဲ အစိုးရကဏ္ဍ ၊ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်အဖွဲ့အစည်းကဏ္ဍတို့ ပူးပေါင်းဖွဲ့စည်းထားသည့် သုံးပွင့်ဆိုင်အဖွဲ့က တာဝန်ခံကာ ဆောင်ရွက်နေကြောင်း သိရှိရကြောင်း၊ All Inclusive အားလုံးပါဝင်ပြီး ဘက်ပေါင်းစုံ ရှုထောင့် က အတူတကွပူးပေါင်းကာ သယံဇာတကဏ္ဍအတွက် ပွင့်လင်းမြင်သာပြီး တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရန် ဆောင်ရွက်နေ သည့် လုပ်ငန်းစဉ်တစ်ခု ဖြစ် ပါကြောင်း၊



ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ မှ အဖွင့်အမှာစကား ပြောကြားစဉ်

မိမိတို့နိုင်ငံသည် ကျောက်စိမ်း၊ သတ္တု၊ သစ်၊ ရေနံ၊သဘာဝဓါတ်ငွေ့ အစ ရှိသည့် သယံဇာတပစ္စည်း များ ပေါကြွယ်ဝသည့် နိုင်ငံ ဖြစ်ပြီး မိမိတို့ကချင်ပြည်နယ် သည် သယံဇာတ ပေါကြွယ်ဝ သည့် ဒေသတစ်ခုလည်း ဖြစ် ပါကြောင်း၊ သယံဇာတ ပေါ ကြွယ်ဝသည့် နိုင်ငံအနေဖြင့် EITI စံနှုန်းများဖြစ်သည့် လိုင်စင်ဆိုင်ရာအချက်အလက်များပွင့်လင်းမြင်သာမှု၊ ထုတ်လုပ်မှု၊ ရှာဖွေမှု၊ တင်ပို့ရောင်းချမှု၊

သယံဇာတလုပ်ငန်းများမှ ဘဏ္ဍာအခွန်ကောက်ခံရရှိမှု၊ သက်ဆိုင်ရာ တိုင်းဒေသ ကြီး/ ပြည်နယ်များသို့ ဘဏ္ဍာငွေခွဲဝေသုံးစွဲမှု၊ ရရှိလာသော အခွန်ဘဏ္ဍာများအား စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ များတွင် အသုံးပြုမှုစသည့် စံနှုန်း များသည် ပွင့်လင်းမြင်သာမှု လုပ်ငန်းစဉ်ကို များစွာ အထောက်အကူ ပေးမည်ဖြစ်ကြောင်း၊ EITI လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ပါက တည်ငြိမ်ပြီး ဂုဏ်သိက္ခာ ရှိသော ရင်းနှီးမြှုပ်နှံမှု၊ သယံဇာတစီမံအုပ်ချုပ်ရေး ယန္တရားအားကောင်းပြီး ဒေသနှင့်အများပြည်သူ များအတွက် ပိုမိုအကျိုးရှိလာမည် ဖြစ်ကြောင်း၊ လွှတ်တော်ကဏ္ဍအနေဖြင့်လည်း EITI လုပ်ငန်းစဉ် တွင် ပူးပေါင်း ဆောင်ရွက်ရန် အသင့်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

## (ဂ) EITI စံနှုန်းနှင့် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းတင်ပြခြင်း

မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး စီမံကိန်းမန်နေဂျာမှ EITI စံနှုန်းအကြောင်း တင်ပြရာတွင် EITI စံနှုန်းလိုအပ်ချက် (၁) နှင့် ပတ်သက်၍ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ ဦးဆောင်မှုဖြင့် လုပ်ငန်းခွဲ ကော်မတီများနှင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးတို့အကြား ချိတ်ဆက် အကောင်အထည် ဖော်ဆောင်နေကြောင်း၊ EITI စံနှုန်းလိုအပ်ချက် (၂.၅) အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေးနှင့် ပတ်သက်၍ သယံဇာတကဏ္ဍရှိ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု အချက်အလက်များအား သတ်မှတ်ထား သည့် တင်ပြရမည့် ရက်ကာလအတွင်း EITI နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံ၏ EITI ဝက်ဘ်ဆိုက်များ တွင် လည်းကောင်း၊ EITI အစီရင်ခံစာများတွင် လည်းကောင်း၊ ဦးဆောင် အကောင်အထည်ဖော် နေသည့် ဌာနအဖွဲ့အစည်း ၏ ဝက်ဘ်ဆိုက်တွင်လည်းကြောင်း ထုတ်ပြန်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် ဇန်နဝါရီလ (၁) ရက်နေ့မတိုင်မီ ဖော်ပြနိုင်ခဲ့ကြောင်း၊ စံနှုန်းလိုအပ်ချက် (၃) သည် နည်းပညာနှင့် ပိုမိုသက်ဆိုင်ပြီး စံနှုန်းလိုအပ်ချက် (၄) သည် အခွန်နှင့် သက်ဆိုင်ကြောင်း၊ အခွန်အခ ဆိုင်ရာ သတင်းအချက်အလက် များပါဝင်သည့် EITI အစီရင်ခံစာများ အား နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ထုတ်ပြန်လျှက်ရှိကြောင်း၊ ယခုအခါ ပဥ္စမအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာနှင့် သစ်တော ကဏ္ဍအစီရင်ခံစာများအား ပြင်ဆင်ပြုစုလျက်ရှိကြောင်း၊ စံနှုန်းလိုအပ်ချက် (၅) နှင့်ပတ်သက်၍ သယံဇာတကဏ္ဍမှ ရရှိလာသည့် အခွန်ဘဏ္ဍာများအား မည်သို့ဖြန့်ကျက်ချထားရမည်ဆိုသည်ကို EITI စံနှုန်းတွင် ထည့်သွင်းဖော်ပြထားကြောင်း၊ စံနှုန်း လိုအပ်ချက် (၆) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် Validation လုပ်ငန်းစဉ်အရ ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၆) ရက်နေ့မတိုင်မီ အကောင်အထည်ရမည်များ ရှိကြောင်း၊ စံနှုန်း လိုအပ်ချက် (၇) နှင့် ပတ်သက်၍ EITI အစီရင်ခံစာပါ အချက်အလက်များအပေါ် ပြည်သူလူထုအကြားဆွေးနွေးမှုများ ဖန်တီးရကြောင်း၊ အစီရင်ခံစာပါ အကြံပြုချက် အကောင်အထည်ဖော်ဆောင်မှုလည်း လုပ်ဆောင်ရ ကြောင်း စသည်ဖြင့် စံနှုန်းလိုအပ်ချက်တစ်ခုချင်းစီအား EITI လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်တင်ပြ

ခဲ့ပါသည်။ ထို့နောက် EITI အကောင်အထည်ဖော်ဆောင်ခြင်းမှ ရရှိမည့် အကျိုးကျေးဇူးများသည် အစိုးရကဏ္ဍ၊ ကုမ္ပဏီများနှင့် ပြည်သူများ အားလုံးအတွက် ပါဝင်ကြောင်း မိတ်ဆက်တင်ပြခဲ့ပါသည်။

မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ အကြီးတန်းပြန်ကြားရေးအရာရှိမှ မြန်မာနိုင်ငံ EITI သမိုင်းကြောင်းနှင့် ပြည်ထောင်စု အဆင့်တွင် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်အား အဓိက ဦးဆောင်နေသူများအကြောင်း အား ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံ အနေဖြင့် ၂၀၁၂ ခုနှစ် မှ ၂၀၁၄ ခုနှစ် အကြား EITI အဖွဲ့ဝင်နိုင်ငံအဖြစ် လျှောက်ထားရန် ဆောင်ရွက်ခဲ့သည့် မှတ်တိုင်များ၊ ၂၀၁၄ ခုနှစ် တွင် မြန်မာနိုင်ငံသည် (၄၅) နိုင်ငံမြောက် EITI အဖွဲ့ဝင်နိုင်ငံ ဖြစ်လာပုံ၊ ထိုအချိန်မှစ၍ EITI စံနှုန်းအတိုင်း အကောင်အထည်ဖော်ဆောင်ခဲ့မှုများ၊ ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၊ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အား အထောက်အကူဖြစ်စေရန် ဖွဲ့စည်းထားရှိသည့် လုပ်ငန်းခွဲကော်မတီများ ဖွဲ့စည်းထားရှိမှုများ၊ EITI လုပ်ငန်းစဉ်တစ်ခုလုံး ချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရန် MOBD နှင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးတို့က ပံ့ပိုးကူညီနေခြင်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ် အကောင်အထည်ဖော်နိုင်ရန် DFID, DFAT နှင့် ကမ္ဘာ့ဘဏ်တို့မှ ရံပုံငွေ ပံ့ပိုးထားကြောင်း စသည်ဖြင့် အကျဉ်းချုပ် ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် EITI လုပ်ငန်းစဉ်သည် နိုင်ငံတော်အဆင့် စီမံကိန်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံ ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် လုပ်ငန်းစဉ်တစ်ခုအနေဖြင့် ပါဝင်နေကြောင်း၊ ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံ EITI အစီရင်ခံစာများ၏ လွှမ်းခြုံမှုများအပြင် Mining Cadastre အပါအဝင် ဆောင်ရွက်ဆဲ မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခဲ့ပါသည်။

SNU ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်များ၊ လိုက်နာရမည့် အခြေခံမူဝါဒများ၊ ဖွဲ့စည်းပုံ စံပုံစံ၊ SNU တစ်ခု၏ လုပ်ငန်းတာဝန်ပါ အဓိကလုပ်ငန်းစဉ် (၄) ရပ်တို့အားလည်း အကျဉ်းချုပ် မိတ်ဆက် တင်ပြခဲ့ပါသည်။ မြန်မာနိုင်ငံ EITI အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်းလုပ်ငန်းစက်အား ရှင်းလင်းတင်ပြရာတွင်လည်း အကဲဖြတ်ဆန်းစစ်အတည်ပြုခြင်း၏ အဓိပ္ပာယ်၊ လုပ်ငန်းစဉ် အဆင့်ဆင့်၊ မြန်မာနိုင်ငံ အတွက် စတင်အကဲဖြတ်ချိန်၊ မြန်မာနိုင်ငံ EITI အကဲဖြတ်ဆန်းစစ် အတည်ပြုခြင်း ရလဒ်နှင့် ပြုပြင်ဆောင်ရွက်ရမည့်အချက် (၁၂) ချက်တို့အား အကျဉ်းချုပ် ရှင်းလင်းnတင်ပြခဲ့ပါသည်။ ထို့နောက် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ညှိနှိုင်းရေးမှူးမှ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေး (Beneficial Ownership – BO) လုပ်ငန်းစဉ် အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ထားမှုများ၊ DICA နှင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်ထားမှုများ၊ သမ္မတရုံးအမိန့်ကြော်ငြာစာ ထွက်ရှိထားပုံ၊ www.bo.dica.gov.mm မှတဆင့် ကုမ္ပဏီများအား ပေးပို့ကောက်ခံသည့် BO Online Template ပုံစံများ အား ရှင်းလင်းတင်ပြခဲ့ပါသည်။

## (ဃ) သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ကိုယ်စားလှယ်များမှ ရှင်းလင်းတင်ပြခြင်း

### *(၁) သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစိုးရကဏ္ဍ ကိုယ်စားလှယ်မှ ရှင်းလင်းတင်ပြခြင်း*

သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစိုးရကဏ္ဍကိုယ်စားလှယ်တစ်ဦးဖြစ်သည့် သတ္တုတွင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်သက်မှ ရှင်းလင်းတင်ပြရာတွင် ၂၀၀၈ ခုနှစ်တွင် အာဆီယံနိုင်ငံများအကြား "EITI" အား စတင်သုံးစွဲဆွေးနွေးလာခဲ့ကြကြောင်း၊ ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်မှ EITI အား ဆောင်ရွက်မည့်ဟုသည့် အမိန့်ကြော်ငြာစာအား လက်ခံရရှိခဲ့ကြောင်း၊ EITI လုပ်ငန်းစဥ်အား အခြားနိုင်ငံများတွင် အရပ်ဘက်အဖွဲ့အစည်းများမှ ဦးဆောင်လေ့ရှိပြီး မြန်မာနိုင်ငံတွင်မူ အစိုးရမှ ဦးဆောင်ကြောင်း၊ EITI စတင်ဆောင်ရွက်စဥ်က လာသည့်နောက်ခံမတူသဖြင့် အစိုးရကဏ္ဍ၊ ကုမ္ပဏီများနှင့်အရပ်ဘက်အဖွဲ့အစည်းများအကြား အလွန်ညှိနှိုင်းယူခဲ့ရကြောင်း၊ သို့သော် ယခုအခါ နိုင်ငံတော်၏ သယံဇာတစီမံခန့်ခွဲမှုစနစ်အား ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် တည်ဆောက်ခြင်းဖြစ်သဖြင့် ယခုအခါ အတူတကွ ပူးပေါင်းဆောင်ရွက်နေကြကြောင်း၊ MSG ဆုံးဖြတ်ချက်များသည် မဲခွဲစနစ် (Voting System) ဖြင့် ချမှတ်ခြင်းမဟုတ်ဘဲ ဘုံသဘောတူညီမှု (Consensus) ဖြင့် ဆုံးဖြတ်ချမှတ်ကြောင်း၊

အစီရင်ခံစာများတိုင်းတွင် အစီရင်ခံစာအား ရေးသား ပြုစုသည့် လွတ်လပ်သော စာရင်းတိုက်ဆိုင်သူ (Independent Administrator – IA) မှ ပေးထားသည့် အကြံပြုတိုက်တွန်းချက်များ ပါဝင်ကြောင်း၊ ယင်းအကြံပြုတိုက်တွန်းချက်များသည် အစိုးရအတွက် သယံဇာတကဏ္ဍအား စီမံခန့်ခွဲမှု ပိုမိုပြုပြင်ကောင်းမွန်စေရန် အကြံပြုထားခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအတွက် လိုက်လျောညီထွေစွာ ပြုပြင်ပြောင်းလဲခံရသည်များရှိကြောင်း၊ ယင်းသည် အပြုသဘောဆောင်သည့် ပြုပြင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဥပမာ - ဝန်ကြီးဌာနဝက်ဘ်ဆိုက်များအား ပုံမှန် Update ပြုလုပ်လာပြီး လိုင်စင်လျှောက်ထားမှုအချက်အလက်များအား အများပြည်သူများ လက်လှမ်းမီစေရန် တင်ပြနိုင်လာကြောင်း၊ ၂၀၁၉ EITI စံနှုန်းတွင်ပါရှိသည့် Systematic Disclosure အား ဆောင်ရွက်လာနိုင်ပါက EITI အစီရင်ခံစာများအား ရေးသားရန် မလိုဘဲ EITI အချက်အလက်များအား ဝက်ဘ်ဆိုက် မှ အချိန်နှင့်တစ်ပြေးညီ ရယူလာနိုင်မည် ဖြစ်ကြောင်း၊ ၂၀၁၉ EITI စံနှုန်းတွင် Contract Disclosure ပါရှိကြောင်း၊ ချုပ်ဆိုလေ့ရှိသော စာချုပ် များ တွင် လျှို့ဝှက်စွာ ထိန်းသိမ်းရမည် ဟူသည့်



သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစိုးရကဏ္ဍကိုယ်စားလှယ်မှ တင်ပြစဥ်

အချက်များ ပါဝင်နေကြောင်း၊ ၂၀၂၁ ခုနှစ် နောက်ပိုင်းချုပ်ဆိုသည့် စာချုပ်များနှင့် ယင်းကာလ မတိုင်မီ ချုပ်ဆိုခဲ့သည့် စာချုပ်များအား ဖွင့်ဟထုတ်ပြန်ရန်ဟု စံနှုန်းတွင် ပါဝင်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် စာချုပ်များတွင် နိုင်ငံတော်၏အကျိုးအတွက် ပြည်သူများထံ ဖွင့်ဟထုတ်ပြန်နိုင်ရမည်ဟု ပါဝင်ချုပ်ဆိုနိုင်ရန် စတင်လုပ်ဆောင်နေကြောင်း၊ သို့သော် ကုမ္ပဏီများနှင့် ညှိနှိုင်းမှုများ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊

အစီရင်ခံစာပါ အကြံပြုချက်များအရ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲခြင်းလုပ်ငန်းစဥ်အတွက် ပထမအကြိမ်အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြီး ဖြစ်ကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဥ်တွင် ပါဝင်နေကြောင်း၊ Beneficial Ownership နှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် အခြားနိုင်ငံများထက် ရှေ့ရောက်နေကြောင်း၊ မကြာသေးမီက Mining Cadastre Phase (2) အကောင်အထည်ဖော်ရန် Consultant ငှားရမ်းခဲ့ပြီး နောက် (၁၅) လ အတွင်း ဆက်လက် အကောင်အထည်ဖော်ဆောင်သွားမည် ဖြစ်ကြောင်း၊ ထိုနောက်ပိုင်းတွင် လိုင်စင် ထုတ်ပေးထားသည့် အချက်အလက်များအား မည်သူမဆို အင်တာနက်ပေါ်မှတဆင့် လွယ်လင့်တကူ ကြည့်ရှုနိုင်မည် ဖြစ်ကြောင်း၊

ကချင်ပြည်နယ်တွင် SNU ဖွဲ့စည်းနိုင်ရန်အတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကချင်ပြည်နယ် SNU တွင် ကျောက်မျက်၊ သတ္တု၊ သစ်တောနှင့် ၂၀၁၉ စံနှုန်းပါ Environmental Payment ဟု ပါရှိထားသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအား ထည့်သွင်းဖွဲ့စည်းသင့်ကြောင်း၊ မိမိ၏ EITI အတွေ့အကြုံအရ အရေအတွက် တူညီရန် မလိုအပ်ကြောင်း၊ EITI သည် နိုင်ငံတော်၏ Commitment ဖြစ်သဖြင့် အစိုးရကဏ္ဍအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့အတွက် EITI ၏အနှစ်သာရများအား လေ့လာထားရန် လိုအပ်ပါကြောင်း၊ သတ္တုကဏ္ဍ ဇဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲသည် သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်ကာ အင်ဒိုနီးရှားနိုင်ငံ၏ အတွေ့အကြုံများအား သွားရောက်လေ့လာခြင်း ခရီးစဥ်၏ နောက်ဆက်တွဲအနေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် သတ္တုတွင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ချီးမြှင့်ခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သယံဇာတဝန်ကြီးများ၊ ဝန်ကြီးဌာနအောက်ရှိ အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန စသည့်ဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ NRGI ကဲ့သို့ Think Tank များ တက်ရောက်ခဲ့ကြကာ အလွန်ကောင်းမွန်သည့် ဆွေးနွေးချက်များ ထွက်ပေါ်ခဲ့ကြောင်း၊ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းကဲ့သို့ လိုင်စင်ချထားပေးပြီးဖြစ်သည့် ပြည်နယ်နှင့်တိုင်းများ

တွင် ကြုံတွေ့နိုင်မည့် အခက်အခဲများအား မျှော်မှန်းဆွေးနွေးခဲ့ကြခြင်းပင် ဖြစ်ကြောင်း၊ လိုင်စင်ချပေးသည့်အခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ လျော့ချပေးထားသည်များ ရှိကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် လက်တွေ့အကောင်အထည်ဖော်နိုင်မည့် EMP အားရေးဆွဲရန် လိုအပ်ကြောင်း၊ မြေပေါ် မြေအောက်သယံဇာတများ၏ မူလပိုင်ရှင်သည် ပြည်သူများ ဖြစ်သဖြင့် ဝန်ကြီးဌာနမှာ ထိုသယံဇာတများအား ပြည်သူများအစား စီမံခန့်ခွဲခြင်းဖြစ်ကြောင်း၊ ပြည်သူဆိုသည်မှာ အစိုးရအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်ကြောင်း၊ ထို့အတွက် အားလုံးအကျိုးရှိစေရန် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ Decentralization Approach၊ Systematic Approach အား ကြိုဆိုကြောင်း ပြောကြားခဲ့ပါသည်။

*(၂) သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အရပ်ဘက်အဖွဲ့အစည်းကဏ္ဍ ကိုယ်စားလှယ်မှ ရှင်းလင်းတင်ပြခြင်း*


သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အရပ်ဘက်ကဏ္ဍကိုယ်စားလှယ်မှ တင်ပြစဉ်

သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အရပ်ဘက်ကဏ္ဍ ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့မှ ဦးသန့်ဇင်က ရှင်းလင်းတင်ပြရာတွင် Mining Decentralization အလုပ်ရုံဆွေးနွေးပွဲတွင် အုပ်စုလိုက်ဆွေးနွေးမှု ရလဒ်ခေါင်းစဉ် (၃) ခု (ခွင့်ပြုမိန့်လိုင်စင်လျှောက်ထားခြင်းဆိုင်ရာ အပိုင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး ဆိုင်ရာ စီမံခန့်ခွဲမှုအပိုင်း၊ အခွန်ဘဏ္ဍာ စီမံခန့်ခွဲမှုအပိုင်း) ထွက်ပေါ်ခဲ့ကြောင်း၊ ခွင့်ပြုမိန့်လိုင်စင်ထုတ်ပေးခြင်းအတွက် အချက် (၁၅) ချက်၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး ဆိုင်ရာ စီမံခန့်ခွဲမှုအချက် (၆) ချက်၊ အခွန်ဘဏ္ဍာ စီမံခန့်ခွဲမှု (၅) ချက်၊ စုစုပေါင်း (၂၆) ချက်အနက် ဦးစားပေး (၁၉) ချက်ရှိကြောင်း၊ လိုင်စင်ကိစ္စရပ်နှင့်ပတ်သက်၍ လိုင်စင်လျှောက်ထားရာတွင် လုပ်ဆောင်ရခြင်းများပြားခြင်းသည် လိုင်စင်လျှောက်ထားမှုအတွက် အဟန့်အတား ဖြစ်စေကြောင်း၊ IEE နှင့် EMP ကိစ္စရပ်များတွင် ကြန့်ကြာမှုကိစ္စရပ်များလည်း ဆွေးနွေးထားကြောင်း၊ ဒေသခံများ ခွင့်ပြုချက်မရှိသည့် ကိစ္စရပ်အားလည်း ဆွေးနွေးထားကြောင်း၊ မြေယာအသုံးပြုမှုကိစ္စရပ်များအားလည်းဆွေးနွေးခဲ့ကြောင်း၊ လိုင်စင်လျှောက်ထားခွင့်ရှိသည့် နေရာများသည် မြို့တော်များ၌သာ လျှောက်ထားရခြင်းဖြစ်သဖြင့် ဝေးလံသည့်ဒေသများမှ လာရောက်လျှောက်ထားရခြင်းသည်

အခက်အခဲ ဖြစ်စေကြောင်း၊ လိုင်စင်လုပ်ငန်းစဉ်ကို တိတိကျကျနားမလည်သည့်အတွက် ကြားမှ တဆင့်ခံဆောင်ရွက်ခြင်းများ၊ မလိုလားအပ်ဘဲ ငွေကြေးကုန်ကျမှုများ ရှိကြောင်း၊ ခွင့်ပြုမိန့်လိုင်စင် လျှောက်ထားရာတွင် သတင်းအချက်အလက်လုံလောက်စွာမရရှိခြင်း၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဌာနများတွင် ဝန်ထမ်းအင်အားကိစ္စရပ်များ စသဖြင့် ဆွေးနွေးခဲ့ကြကြောင်း၊ အနှစ်ချုပ်အနေဖြင့် ခါတ်သတ္တုကဏ္ဍတွင် ကောင်းမွန်စွာ စီမံအုပ်ချုပ်ရန် မူဝါဒကောင်းတစ်ရပ် လိုအပ်ကြောင်း၊ လက်ရှိ တွင် ဝန်ကြီးဌာနတွင် မူဝါဒရေးဆွဲပြုစုနေသည်ဟု သိရကြောင်း၊ လူထုအကြံပြုဆွေးနွေးပွဲများ လုပ်ဆောင်ရန်အတွက်လည်း အကြံပြုချက်တစ်ခုအနေဖြင့် ဆွေးနွေးခဲ့ကြကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ သတင်းအချက်အလက် (ဥပမာ - SOP) များအား Mobile Application သို့မဟုတ် ဝက်ဘ်ဆိုက်များတွင် ထုတ်ပြန်ခြင်းသည် ဝန်ထမ်းအင်အားကိစ္စရပ်နှင့် သတင်းအချက်အလက် ထုတ်ပြန်ခြင်းကိစ္စရပ်တို့အား ဖြေရှင်းနိုင်မည်ဟုလည်း ဆွေးနွေးခဲ့ကြကြောင်း၊ ဇုန်နယ်ပယ်များ ခွဲဝေ သတ်မှတ်ခြင်းနှင့်သတ်မှတ်၍ သက်ဆိုင်ရာတိုင်း/ ပြည်နယ်များနှင့် ပြည်ထောင်စုအဆင့် ညှိနှိုင်းဆောင်ရွက်ရန်လည်း ဆွေးနွေးခဲ့ကြကြောင်း၊ ခြားနယ်ပယ်ရှိ ခွင့်ပြုမိန့်ကိစ္စရပ်လည်း ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း၊

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လက်ရှိတွင် IEE မှ EMP နှင့် EMP မှ Template အဆင့်သို့ ဖြေလျှော့မှုများ ပြုလုပ်ထားကြောင်း၊ ထိုသို့ဖြေလျှော့မှုများကြောင့် ဆက်လက် ဖြစ်ပေါ်လာနိုင်မည့် အကျိုးဆက်များ၊ မည်သို့ ထိရောက်ကြီးကြပ်မည်နည်းတို့အား ဆွေးနွေးခဲ့ ကြကြောင်း၊ ရပ်ရွာလူထုပါဝင်ကာ စောင့်ကြည့်မှုများအား ထည့်သွင်းနိုင်ရန်လည်း ဆွေးနွေးခဲ့ကြ ကြောင်း၊ အသေးစားနှင့် လက်လုပ်လက်စား အဓိပ္ပာယ်ဖွင့်ဆိုချက်အား တိုင်း/ပြည်နယ်အလိုက် သတ္တုအမျိုးအစားအလိုက် ပြန်လည်သုံးသပ်ရန် လိုအပ်ကြောင်း၊ စာချုပ်အပေါ်ခွဲဝေခံစားသည့်စနစ် နှင့် ပတ်သက်၍ စာချုပ်အား ပြန်လည်သုံးသပ်ရန် ဆွေးနွေးခဲ့ကြပါကြောင်း စသဖြင့် ဗဟိုချုပ်ကိုင်မှု လျော့ချခြင်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးချက်များအား အကျဉ်းချုပ်တင်ပြခဲ့ပြီး နောက်တွင် သက်ဆိုင်ရာတိုင်း/ ပြည်ရှိ ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များအား ဖိတ်ကြားကာ အလုပ်ရုံ ဆွေးနွေးပွဲ တစ်ခု ကျင်းပရန် စီစဉ်ထားကြောင်း တင်ပြခဲ့ပါသည်။

EITI လုပ်ငန်းစဉ်တွင် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်မှုနှင့် ပတ်သက်၍ တင်ပြရာတွင် သယံဇာတစီမံအုပ်ချုပ်မှုအား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ကတိကဝတ်ပြု မှုတစ်ခုဖြစ်ကြောင်း၊ သုံးပွင့်ဆိုင်ပါဝင်မှုသည် အရေးကြီးကြောင်း၊ EITI စံနှုန်းသည် ကာလအလိုက် ပိုမို မြင့်မားလာသည်နှင့် စိန်ခေါ်မှုများ များလာကြောင်း၊ နိုင်ငံတော်၏ ကျင့်သုံးမှုအား ပြသနိုင်ပါက အခွင့် အလမ်းတစ်ခု ဖြစ်လာနိုင်ကြောင်း၊ ကျောက်စိမ်းကျောက်မျက်ကဏ္ဍတွင် ကချင်ပြည်နယ်သည် ပါဝင်မှု ရာခိုင်နှုန်းမြင့်မားကြောင်း၊ လက်ရှိသည် EITI မှ သတင်းအချက်အလက်များ ရရှိကြောင်း၊ သို့သော် အများပြည်သူ နားလည်နိုင်ရန် အခက်အခဲရှိနေသေးကြောင်း၊ အများပြည်သူ လွယ်လင့်

တကူသိရှိနိုင်သည့် အခြေအနေရောက်အောင် အားထုတ်ရန် လိုအပ်သေးကြောင်း၊ SNU အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ “Report to Reform” ဖြစ်စေရန် Public Debate များ လိုအပ်ကြောင်း၊ နိုင်ငံတကာစံချိန်စံနှုန်းအရ ထပ်မံအားထုတ်ဆောင်ရွက်ရမည်များ ရှိသေးကြောင်း၊ အစီရင်ခံစာ ထုတ်ပြန်ခြင်း၊ ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲခြင်း အစရှိသည့် လုပ်ငန်းစဥ်များအား တစ်ပြိုင်နက်တည်း ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ သုံးပွင့်ဆိုင်ပါဝင်မှုသည် အရေးကြီးကြောင်း ပြောကြားခဲ့ပါသည်။

*(ဃ) သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ပုဂ္ဂလိကကဏ္ဍ အရန်ကိုယ်စားလှယ်မှ ရှင်းလင်းတင်ပြခြင်း*

သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ပုဂ္ဂလိကကဏ္ဍ အရန်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် မြန်မာနိုင်ငံ သတ္တုလုပ်ငန်းရှင်များအသင်းချုပ် အတွင်းရေးမှူးဦးသက်နိုင်ဝင်းမှ ရှင်းလင်းတင်ပြရာတွင် EITI လုပ်ငန်းစဥ်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ကျောက် မျက်ကျောက်စိမ်း၊ သတ္တု၊ ပုလဲ၊ သစ်တော အစရှိသည့် ကဏ္ဍများ ပါဝင်ကြောင်း၊ သတ္တုကဏ္ဍအနေဖြင့် မြန်မာနိုင်ငံ သတ္တု လုပ်ငန်းရှင်များ အသင်းချုပ်သည် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်ပါဝင်ခဲ့ကြောင်း၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ တွင်ပါဝင် ဆောင်ရွက်ခဲ့သလို အစိုးနှင့် လုပ်ငန်းရှင်အကြား၊ လုပ်ငန်းရှင်နှင့် ပြည်သူအကြား အခက်အခဲများအား အကောင်းဆုံးညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့် သယံဇာတ ကုမ္ပဏီများသည် Beneficial Ownership လုပ်ငန်းစဥ် တွင်လည်း ပါဝင်ဆောင်ရွက် ခဲ့ကြကြောင်း၊ သစ်တောကဏ္ဍတွင်လည်း FLEGT လည်း လုပ်ဆောင်ခဲ့သလို သစ်လုပ်ငန်းရှင်များ အသင်းများ ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းများ ရှိကြောင်း၊ EITI လုပ်ငန်းစဥ်တွင် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းအောင် ပုဂ္ဂလိကကဏ္ဍမှ အစိုးရကဏ္ဍနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် အတူပူးပေါင်း ဆောင်ရွက်နေကြောင်း တင်ပြခဲ့ပါသည်။



သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ပုဂ္ဂလိကကဏ္ဍ အရန်ကိုယ်စားလှယ် မှ တင်ပြစဥ်

(င) တက်ရောက်သူများမှ မေးမြန်းဆွေးနွေးခြင်း

ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှ မေးမြန်းဆွေးနွေးရာတွင် မည်သည့်လုပ်ငန်းမဆို မူဘောင်နှင့် စည်းမျဥ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်မှသာ အောင်မြင်မှုရနိုင်မည် ဖြစ်ကြောင်း၊ သယံဇာတထွက်ပေါ်သည့်နေရာများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရာတွင် မြေပြင်ကွင်းဆင်းလေ့လာကြည့်ပါက မလိုလားအပ်သည့် ထိခိုက်မှုများ တွေ့ရှိရတတ်ကြောင်း၊

အသေးစားနှင့် လက်လုပ်လက်စားများအတွက် ဥပဒေရေးဆွဲချပေးရာတွင် စက်ယန္တရားများ သုံးစွဲခွင့် ပြုထားခြင်းသည် လွဲမှားနေသည်ဟု ယူဆကြောင်း၊ ဥပဒေတစ်ခုရေးဆွဲသည့်အခါ Public Hearing အပြင် ပါသင့်ပါထိုက်သည့် လူများ ပါဝင်သည့် Focused Group Discussion လည်း ပြုလုပ် သင့်ကြောင်း၊ လုပ်ကွက်မှားယွင်းချထားပေးမှုအတွက် အရေးယူမှုများမရှိသေးသည်အား ဥပဒေပြုရာ တွင် ထည့်သွင်းစဥ်းစားသင့်ကြောင်း အကြံပြုဆွေးနွေးခဲ့ပါသည်။

ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးမှ တင်ပြ ဆွေးနွေးရာတွင် လွှတ်တော်နှင့်အစိုးရသည် Check and Balance လုပ်နေရမည် ဖြစ်ကြောင်း၊ အများပြည်သူများ သိရှိနားလည်နိုင်စေရန် လွှတ်တော်ကိုယ်စားလှယ်များက ကိုယ်စားပြုခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်း၊ ဥပဒေပြုခြင်း စသည့်အခန်းကဏ္ဍများအား လုပ်ဆောင်ရကြောင်း၊ သတ္တု ကဏ္ဍတွင်လည်း ပြဋ္ဌာန်းထားသည့် ဥပဒေအတိုင်း လုပ်ဆောင်ရကြောင်း၊ နည်းဥပဒေကြမ်းအား ရေးဆွဲထားကြောင်း၊ မိမိတို့သည် Focal ဌာနဖြစ်နေသည့်အတွက် အခက်အခဲများ ရှိတတ်ကြောင်း၊ မြို့နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့များ ရှိကြောင်း၊ လုပ်ကွက်လျှောက်ထားလာပါက ထိုအဖွဲ့ က ကွင်းဆင်းကာ တင်ပြလာသည့်အစီရင်ခံစာအား Cabinet သို့ တင်ပြပြီး ကချင်ပြည်နယ်၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိရေးအားအခြေခံကာ ဆောင်ရွက်ပေးခဲ့ရခြင်းများ ရှိကြောင်း၊ ပြည်သူများအား အမြင်ဖွင့်လုပ်ငန်းစဥ်များအား လုပ်ဆောင်သင့်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်သူများအား မှတ်တမ်းတင်ဓါတ်ပုံများ ရိုက်ကူးကာ အခမ်းအနားအား အောင်မြင်စွာ ကျင်းပခဲ့ကြပါသည်။



မိတ်ဆက်တင်ပြခြင်းအခမ်းအနား တက်ရောက်လာသူများ မှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးစဥ်

# ၇။ "ကချင်ပြည်နယ် SNU ဖွဲ့စည်းခြင်းအလုပ်ရုံဆွေးနွေးပွဲ" ကျင်းပခြင်း


## (က) ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးမှ အဖွင့်အမှာစကား ပြောကြားခြင်း

ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးမှ အဖွင့်အမှာစကားပြောကြားရာတွင် ကချင်ပြည်နယ်သည် (၁၈) မြို့နယ်လုံးတွင် သယံဇာတများ ပေါကြွယ်ဝကြောင်း၊ သယံဇာတထုတ်ယူသုံးစွဲမှုပိုင်းတွင် ပွင့်လင်းမြင်သာမှု အားနည်းသည့်အပိုင်းများ ရှိကြောင်း၊ ထုတ်ယူသူနှင့် ခွင့်ပြုမိန့်ချပေးသူများအကြား သဟဇာတဖြစ်မှု အားနည်းသည်ကို အားမရဖြစ်ရပါကြောင်း၊ ကချင်ပြည်နယ်တွင်း သယံဇာတလုပ်ငန်းသုံးစွဲမှုနှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြည်သူများနှင့် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ကြောင်း၊ သယံဇာတ မှီဝဲနေသည့် ပြည်နယ်အနေဖြင့် SNU လုပ်ငန်းစဥ်တွင် ပူးပေါင်းပါဝင်ရန် အခွင့်ကြုံလာသည့်အတွက် ဝမ်းမြောက်ရပါကြောင်း၊ သယံဇာတထုတ်ယူသုံးစွဲမှုအပိုင်းတွင် များစွာ အထောက်အကူပြုမည်ဟု မျှော်မှန်းကြောင်း၊ ကြားခံအဖွဲ့တစ်ခုရှိလာပြီ ဖြစ်သဖြင့် လုပ်ဆောင်နေသည့်လုပ်ငန်းစဥ်များတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ ပွင့်လင်းမြင်သာမှုအားနည်းမှု ကြုံတွေ့နေရခြင်းများအား အစိုးရ၊ လုပ်ငန်းရှင်များ၊ ပြည်သူများအကြား ညှိနှိုင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပြီးနောက်ပိုင်း ကိုယ်ရောစိတ်ပါ ပါဝင်ပေးရန် မေတ္တာရပ်ခံတိုက်တွန်းကြောင်း၊ SNU ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များအား ပုံမှန် လုပ်ဆောင်နေမှသာလျှင် ဖြစ်ပေါ်လာမည့် အခက်အခဲများအား ဆွေးနွေးညှိနှိုင်းခြင်းအားဖြင့် ရလဒ်ကောင်းများ ရရှိလာမည် ဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် အင်တိုက်အားတိုက် ပါဝင်ဆွေးနွေးပါရန် ပြောကြားခဲ့ပါသည်။



ကချင်ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးမှ အဖွင့်အမှာစကားပြောကြားစဥ်

## (ခ) EITI စံနှုန်းနှင့် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းတင်ပြခြင်း



မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး စီမံကိန်းမန်နေဂျာမှ တင်ပြစဉ်

မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး (NCS) စီမံကိန်း မန်နေဂျာမှ EITI စံနှုန်းအကြောင်း တင်ပြရာတွင် စံနှုန်း လိုအပ်ချက် တစ်ခုချင်းစီအား EITI လုပ်ငန်းစဉ်များနှင့် ချိတ်ဆက် တင်ပြပြီး EITI အကောင်အထည် ဖော်ဆောင်ခြင်း မှ အစိုးရကဏ္ဍ၊ ကုမ္ပဏီများနှင့် ပြည်သူများရရှိမည့် အကျိုး ကျေးဇူးများအား ရှင်းလင်းတင်ပြခဲ့ပါသည်။

မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ အကြီးတန်းပြန်ကြားရေးအရာရှိမှ မြန်မာနိုင်ငံ EITI သမိုင်းကြောင်းနှင့် ပြည်ထောင်စု အဆင့်တွင် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်အား အဓိက ဦးဆောင်နေသူများအကြောင်း၊ EITI လုပ်ငန်းစဉ်သည် နိုင်ငံတော်အဆင့် စီမံကိန်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံ ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့် ချိတ်ဆက်နေပုံ၊ ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံ EITI အစီရင်ခံစာများ၏ လွှမ်းခြုံမှုများအပြင် Mining Cadastre အပါအဝင် ဆောင်ရွက်ဆဲ မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ EITI အကဲဖြတ်ဆန်းစစ် အတည်ပြုခြင်း ရလဒ်နှင့် ပြုပြင် ဆောင်ရွက်ရမည့်အချက် (၁၂) ချက်တို့အား ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ညှိနှိုင်းရေးမှူးမှ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေးလုပ်ငန်းစဉ်အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်း အကောင်အထည် ဖော်ဆောင်ထားမှုများ၊ သမ္မတရုံးအမိန့် ကြော်ငြာစာ ထွက်ရှိထားပုံများ၊ BO Online Template ပုံစံများအား ရှင်းလင်း တင်ပြခဲ့ပါသည်။



အကြီးတန်းပြန်ကြားရေးအရာရှိမှ တင်ပြစဉ်



အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုညှိနှိုင်းရေးမှူးမှ တင်ပြစဉ်

မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ တင်ပြမှုအပြီးတွင် တက်ရောက်သူတစ်ဦးမှ မန္တလေးတိုင်းဒေသကြီးသို့ သွားရောက်လမ်းတစ်လျှောက်တွင် Infrasture နှင့် Building Industry အတွက် လုပ်ဆောင်နေသည်များ ရှိကြောင်း၊ Mining ကဏ္ဍတွင် နောက်တွင်ပါဝင်လာရန် ရှိပါသလားဟု

မေးမြန်းဆွေးနွေးရာတွင် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစိုးရကဏ္ဍကိုယ်စားလှယ်တစ်ဦးဖြစ်သည့် သတ္တုတွင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်မှ ဘိလပ်မြေစက်ရုံတွင် အသုံးပြုသည့် Limestone အား သတ္တုတွင်းဦးစီးဌာနမှ ခွင့်ပြုချက် ချမှတ်ပေးကြောင်း၊ Construction Stone ဖြစ်သည့် Quarry Industry ကိုမူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ချပေးခြင်းဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများ အပါအဝင် အခြားနိုင်ငံများတွင် Quarry Industry သည် Ministry of Mines အောက်တွင် ရှိလေ့ရှိကြောင်း၊ လမ်းခင်းကျောက်ထုတ်မည်ဆိုပါက အလှဆင်ကျောက် မဟုတ်ကြောင်း၊ စက်မှု တွင်းထွက်မဟုတ်ကြောင်း မိမိတို့ဦးစီးဌာနအနေဖြင့် ထောက်ခံစာများ ပြုလုပ်ပေးရကြောင်း၊ မြစ်သဲ ကျောက် ထုတ်လုပ်မှုသည်လည်း ထိုနည်းတူပင်ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။ မေးမြန်းသူမှ Investment ကြီးမားသည့် Open Mine များဆောင်ရွက်နေသည့်ကိစ္စများအား EITI အောက်တွင် ရှိပါက ပိုမိုအကျိုးရှိနိုင်မည်ဟု သုံးသပ်တင်ပြခဲ့ရာ သတ္တုတွင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်မှ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦးလည်း ပါဝင် ကြောင်း၊ ပြန်လည်ဆွေးနွေးရမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

## (ဂ) သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ အခန်းကဏ္ဍများအား ရှင်းလင်းတင်ပြခြင်း

### *(၁) သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစိုးရကဏ္ဍ ကိုယ်စားလှယ်မှ ရှင်းလင်းတင်ပြခြင်း*

သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစိုးရကဏ္ဍကိုယ်စားလှယ်တစ်ဦးဖြစ်သည့် သတ္တုတွင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်မှ ရှင်းလင်းတင်ပြရာတွင် ယခင် SNU များနှင့် မတူပဲ စုံညီစွာ တက်ရောက်ပါဝင်မှုအပေါ် ဝမ်းသာမိကြောင်း၊ သယံဇာတပေါကြွယ်ဝသည့် ကချင်ပြည်နယ်တွင် SNU ကဲ့သို့ အဖွဲ့အစည်းတစ်ခု ပေါ်ထွက်လာခြင်းသည် ကောင်းမွန်သည့်လက္ခဏာဟု ထင်မြင် ကြောင်း၊ EITI လုပ်ငန်းများသည် မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ် စတင်ခဲ့ပြီး အခြား နိုင်ငံများထက်စာလျှင် ပိုမို စနစ်ကျသည်ကို တွေ့ရှိရကြောင်း၊ ဦးဆောင်ကော်မတီတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးက ချန်ပီယံအနေဖြင့် တာဝန်ယူပြီး ဝန်ကြီးသုံးပါး ပါဝင်ကြောင်း၊ ဦးဆောင် ကော်မတီလုပ်ငန်းစဥ်များအား အကောင်အထည်ဖော်ရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူး (၁၇) ဦးပါဝင်ကြောင်း၊ EITI လုပ်ငန်းစဥ်များတွင် အဓိကအကောင်အထည် ဖော်သူများဖြစ်သည့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဒုတိယ ဥက္ကဋ္ဌအဖြစ် လည်းကောင်း ပါဝင်ပြီး အစိုးရကဏ္ဍအနေဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်၊ ညွှန်ကြားရေးမှူးအဆင့်ရှိ သတ္တု၊ ကျောက်မျက်ကျောက်စိမ်း၊ ရေနံနှင့်သဘာဝဓါတ်ငွေ့၊ သစ်တောကဏ္ဍ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီး ဌာန၊ ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကိုယ်စားလှယ်များ ပါဝင် ကြောင်း၊ ပြည်နယ်အဆင့် SNU ဖွဲ့စည်းရာတွင်လည်း ထိုသို့ဆီလျော်သလို ပါဝင်ရန်လိုအပ်ကြောင်း၊


သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစိုးရကဏ္ဍကိုယ်စားလှယ်မှ တင်ပြစဥ်

EITI သည် ပြည်ထောင်စုမှ ချမှတ်ထားသည့် Commitment ဖြစ်သည့် အတွက် လိုက်ပါဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စဥ်ဆက်မပြတ် ပါဝင် တာဝန်ယူရန် လိုအပ်ကြောင်း ၊ ကချင်ပြည်နယ်တွင် အဓိကမှာ ကျောက်စိမ်းကျောက်မျက်ဖြစ်ပြီး သတ္တုနှင့် သစ်တောလည်း အရေးပါကြောင်း၊ SNU ဖွဲ့စည်းရာတွင် ကဏ္ဍပေါင်းစုံ၊ အမြင်ပေါင်းစုံ ပါဝင်ရန် တိုက်တွန်းကြောင်း၊ ဘက်ပေါင်းစုံပါဝင်နိုင်မည့် ပလက်ဖောင်းတစ်ခု ဖန်တီးထားခြင်းသည် ကောင်းမွန်ကြောင်း၊ ပွင့်လင်းစွာ တင်ပြဆွေးနွေးနိုင်ရန် လိုအပ်ကြောင်း၊

EITI လုပ်ငန်းစဥ်၏ စကားလုံးအသုံးအနှုန်းများသည် နည်းပညာဆန်သဖြင့် နားစိမ်းနိုင်ကြောင်း၊ ဥပမာ - အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု (Beneficial Ownership/ BO) ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ နောက်ကွယ်ရှိ ပိုင်ဆိုင်အစစ်အမှန်ကို ဆိုလိုချင်ဖြစ်ကြောင်း၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲခြင်း (State-Owned Enterprised Reform) နှင့်ပတ်သက်၍ သယံဇာတအတွက် ဌာနများ ဖွဲ့စည်းထားကြောင်း၊ တာဝန်ဝတ္တရားများ ထပ်နေသည်များရှိကြောင်း၊ ထို့အတွက် ပြုပြင်ဆောင်ရွက်ရန်မှာလည်း နိုင်ငံတော်၏ Mandate ပင်ဖြစ်ကြောင်း၊ စာချုပ်စာတမ်းများ ပွင့်လင်းမြင်သာမှု (Contract Transparency)/ စာချုပ်စာတမ်းများ ဖွင့်ဟထုတ်ပြန်ခြင်း (Contract Disclosure) သည်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်း မြင်သာမှုရှိစေရန် ဖြစ်ကြောင်း၊ EITI လုပ်ဆောင်ခြင်းကြောင့် ရရှိသည့် အကျိုးကျေးဇူးများစွာ ရှိကြောင်း၊ လက်ပံတောင်းကြေးနီးစီမံကိန်းအား ဥပမာပေး၍ ရှင်းလင်းတင်ပြခဲ့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်မှ ဆက်လက်တင်ပြရာတွင် ၂၀၁၉ EITI စံနှုန်းတွင် ထပ်မံပါရှိသည့် Gender Equality နှင့်ပတ်သက်၍လည်း သတ္တုကဏ္ဍ မြေအောက် လုပ်ငန်းစဥ် များအတွက် နည်းဥပဒေတွင် ပြဋ္ဌာန်း ထားချက်အား တင်ပြခဲ့ကြောင်း၊ EITI အစီရင်ခံစာများတွင် သတ္တုကဏ္ဍ ကုမ္ပဏီများ တစ်နှစ်ထပ်တစ်နှစ် ထပ်တိုး ပါဝင်လာကြကြောင်း၊ ယခု အခါ အင်တာနက်ပေါ်မှ တဆင့် လိုင်စင်ချထားမှုဆိုင်ရာ ကိန်းဂဏန်း များအား လွယ်ကူစွာ ရှာဖွေနိုင်သလို Mining Cadastre တည်ဆောက်ပြီးပါက အခွန်အခ ပေးဆောင်ထားမှုများအားလည်း လေ့လာနိုင်မည် ဖြစ်ကြောင်း၊ ထို့အပြင် EITI လုပ်ငန်းစဥ် သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်လည်း ချိတ်ဆက်နေကြောင်း၊ အစိုးရကဏ္ဍအနေဖြင့်

နိုင်ငံတော်၏ Mandate ဖြစ်သည့်အလျောက် လိုက်ပါဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မိမိအနေဖြင့် အစိုးရကဏ္ဍတာဝန်ရှိသူများအား ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလို ပါကြောင်း ရှင်းလင်း တင်ပြခဲ့ပါသည်။

*(၂) သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ်မှ ရှင်းလင်းတင်ပြခြင်း*

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်တစ်ဦးဖြစ်သည့် မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးမော်မှ ရှင်းလင်းတင်ပြ ရာတွင် ယခင်ကချင်ပြည်နယ်သို့ လာရောက်ဖူးသည့် အတွေ့အကြုံများ၊ FLEGT တွင် ပါဝင်စဉ်က အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ရခြင်း အတွေ့ အကြုံများအား ဦးစွာမျှဝေတင်ပြခဲ့ပြီး ကချင်ပြည်နယ်တွင် စီးဆင်းသည့် မေခမြစ်နှင့် မလိခမြစ်တို့ ပေါင်းစုံကာ ဧရာဝတီမြစ်ဟု ဖြစ်တည်လာကြောင်း၊ ဧရာဝတီမြစ်ရေအား မည်သည့်မြစ်ကလာသည် ဟုခွဲခြားမဆိုကြောင်း၊ ထိုကဲ့သို့ပင် မိမိတို့ လာရာမတူသော်လည်းပေါင်းစည်း ဆောင်ရွက် ကြရမည် ဖြစ်ကြောင်း၊ သယံဇာတ ကုမ္ပဏီများ အားလည်း ထဲထဲဝင်ဝင် ပါဝင် ပတ်သက်ရန် လိုအပ် ကြောင်း၊ ထိုသို့ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် မိမိတို့ ကုမ္ပဏီအကျိုးများ နိုင် ကြောင်း၊ နိုင်ငံခြား ကုမ္ပဏီ တစ်ခုက မိမိကုမ္ပဏီနှင့် ပူးပေါင်းလို ပါက မိမိသည်



သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်မှ တင်ပြစဉ်

EITI လုပ်ငန်းစဥ်တွင် ပူးပေါင်းဆောင်ရွက် ထားသဖြင့် ပွင့်လင်း မြင်သာမှုရှိနေသဖြင့် အကျိုးများကြောင်း၊ သယံဇာတများအား Raw အဆင့်မှ Semi-finished အဆင့်သို့ ထုတ်လုပ်နိုင် အောင် လုပ်ဆောင်ရမည် ဖြစ်ကြောင်း၊ အရပ်ဘက် အဖွဲ့အစည်းများ နှင့် ပူးပေါင်း ဆောင်ရွက်မှုနှင့် ပတ်သက်၍ ယခင် ဆင်ရေချသည့် အတွေ့အကြုံနှင့် နှိုင်းယှဥ် တင်ပြကာ အရပ်ဘက် အဖွဲ့အစည်း များနှင့် ကုမ္ပဏီများနှင့် ခိုင်မြဲစွာ လက်တွဲ လုပ်ဆောင် သင့်ကြောင်း တိုက်တွန်းပြောဆို ခဲ့ပါသည်။

*(၃) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အရပ်ဘက်ကဏ္ဍ ကိုယ်စားလှယ်မှ ရှင်းလင်းတင်ပြခြင်း*

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အရပ်ဘက်ကဏ္ဍကိုယ်စားလှယ်တစ်ဦးဖြစ်သည့် မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့မှ ဒေါ်မိုးမိုးထွန်းက ရှင်းလင်းတင်ပြရာတွင် EITI စံနှုန်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ တာဝန်ဝတ္တရားများအား

ချိတ်ဆက် တင်ပြသွားမည် ဖြစ်ကြောင်း၊ ပထမဆုံးအကြိမ်အစည်းအဝေးတွင် မိမိတို့သည် လာရာ မတူညီသဖြင့် လားရာအား မညှိနိုင်းနိုင်ခဲ့ခြင်းများ ရှိခဲ့ဖူးကြောင်း၊ စကားလုံးအသုံးအနှုန်းများသည် နည်းပညာဆန်သဖြင့် ရင်းနှီးအောင်လည်း ကြိုးစားကြရကြောင်း၊ Beneficial Ownership အား အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် အခက်အခဲများစွာ ရှိခဲ့ကြောင်း၊ စာချုပ်စာတမ်းများ ပွင့်လင်းမြင်သာမှု စံနှုန်းလိုအပ်ချက်နှင့် ပတ်သက်၍ အကျွမ်းတဝင်ရှိရန် ကြိုးစားရမည် ဖြစ်ကြောင်း၊

စံနှုန်းလိုအပ်ချက် ၁.၁ အစိုးရ၏ ကတိကဝတ်ပြုဆောင်ရွက်မှုသည် EITI အကောင်အထည် ဖော်ရန် ရည်သန်သည့် ဆန္ဒအား အများပြည်သူများထံ ရှင်းလင်းပြတ်သားစွာ အသိပေးကြေညာချက် ထုတ်ပြန်ရန် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၁၃ ခုနှစ်က ထုတ်ပြန်ခဲ့ပြီး ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် တွင် Mainstreaming အနေဖြင့် လုပ်ဆောင်ရန် ထုတ်ပြန်ထားကြောင်း၊ အကြီးတန်းပုဂ္ဂိုလ် တစ်ဦးအား တာဝန်ချထားပေးရန်အတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးအား ချန်ပီယံအဖြစ် ခန့်အပ်ပြီး ဦးဆောင်ကော်မတီ ဖွဲ့စည်းထားကြောင်း၊ သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့တွင် အကြီးတန်း အစိုးရအရာရှိများ၏ ကိုယ်စားပြုမှုပါဝင်မှုနှင့်ပတ်သက်၍ မြန်မာ နိုင်ငံတွင် အမည်ပါဝင်ပြီး အစည်းအဝေးတက်ရောက်ခြင်း မရှိခြင်းများ တွေ့ရကြောင်း၊ ထို့အတွက် အစိုးရအနေဖြင့် လည်း တက်ကြွစွာ အပြည့်အဝပါဝင်ရမည် ဖြစ်ကြောင်း၊

စံနှုန်းလိုအပ်ချက် ၁.၂ ကုမ္ပဏီများ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြရာတွင် သယံဇာတလုပ်ငန်းလုပ်ဆောင်နေသည့် ကုမ္ပဏီများသည် အပြည့်အဝ တက်ကြွစွာ၊ ထိရောက်စွာ ပါဝင်ရန် လိုအပ်ကြောင်း၊ အစိုးရအနေဖြင့်လည်း ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအပြင် EITI လက်တွေ့အကောင်ထည်ဖော်မှုများတွင် ကုမ္ပဏီများ ပူးပေါင်းပါဝင်နိုင်မည့် ဝန်းကျင်တစ်ရပ်အား ဖန်တီး ပေးရန်နှင့် မည်သည့်အတားအဆီးမျှ မရှိစေရန် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍအတွက် ရှေ့ဆက်ဆွေးနွေးရန် ရှိကြောင်း၊

စံနှုန်းလိုအပ်ချက် ၁.၃ အရပ်ဘက်အဖွဲ့အစည်းအခန်းကဏ္ဍတွင် အရပ်ဘက်အဖွဲ့အစည်း များသည် အပြည့်အဝ တက်ကြွစွာ၊ ထိရောက်စွာ ပါဝင်ရန် လိုအပ်ကြောင်း၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအပြင် EITI လက်တွေ့အကောင်ထည်ဖော်မှုများတွင် အရပ်ဘက်အဖွဲ့အစည်း များ ပူးပေါင်းပါဝင်နိုင်မည့် ဝန်းကျင်တစ်ရပ်အား ဖြစ်ပေါ်စေရန်၊ အတားအဆီး မရှိစေရန်နှင့် စုဝေးခွင့် ကန့်သတ်ခြင်း၊ ဆွေးနွေးပွဲများအား ပိတ်ပင်ခြင်းကဲ့သို့ EITI အကောင်အထည်ဖော်မှုအပေါ် အများ ပြည်သူများ အချေအတင်ပြောဆိုဆွေးနွေးနိုင်မှုအား ကန့်သတ်ခြင်းမှ ရှောင်ကြဉ်ရန် အစိုးရ ကိုယ်တိုင် ကတိကဝတ်ပြု ဆောင်ရွက်ရကြောင်း၊ အရပ်ဘက်အဖွဲ့အစည်းများသည် ပွင့်လင်းမြင်သာ မှုနှင့် သဘာဝအရင်းအမြစ်စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များတွင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့် ရှိကြောင်း၊ ပြုပြင်ပြောင်းလဲစေလိုသည့်အတွက် ဝေဖန်ခြင်းနှင့် ပြစ်တင်ခြင်းအား ပိုင်းခြားသိမြင်ရန် လိုအပ်ကြောင်း၊ သယံဇာတကဏ္ဍနှင့် ပတ်သက်၍ မည်သည့်အဖွဲ့အစည်း၊ မည်သူမဆို ကန့်သတ်၍

မရကြောင်း၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ သာမကပဲ အစိုးရကဏ္ဍ၊ ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးလိုပါက တွေ့ဆုံဆွေးနွေးနိုင်ကြောင်း၊ ကန့်သတ်ခြင်း၊ ဖိအားပေးခြိမ်းခြောက်မှုများ မရှိစေရကြောင်း၊ အရပ်ဘက်အဖွဲ့အစည်းသည် ပြည်သူထံသို့ သတင်းအချက်အလက်များအား မှန်ကန်စွာ ထုတ်ဖော်ပြောဆိုရခြင်းဖြစ်ကြောင်း၊ ကန့်သတ်ခြင်း၊ ဖိအားပေးခြိမ်းခြောက်မှုများ ကြုံလာပါက အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်ရန် အချက်များအား EITI စံနှုန်းအခန်း (၆) တွင် ပါဝင်ကြောင်း၊ အရပ်ဘက်ကိုယ်စားလှယ်များသည် ဖိအားပေးမှုကင်းစွာ EITI လုပ်ငန်းစဉ်သာမက သယံဇာတကဏ္ဍနှင့် ပတ်သက်၍ လွတ်လပ်စွာ ဝေဖန်ပြောဆိုပိုင်ခွင့်ရှိကြောင်း၊

SNU ၏ Term of Reference မဖော်ပြထားသည့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ အခြေခံမူ အပိုဒ် (၄) အားရှင်းလင်းတင်ပြရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု တာဝန်ခံမှု၊ ဖြောင့်မတ်မှန်ကန်မှု၊ နိုင်ငံအကျိုးစီးပွားကို ရှေ့ရှုမှု၊ တိုင်းရင်းသားပြည်သူများ၏ သဘောထားနှင့် အကျိုးစီးပွားကို အလေးထားမှု၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု၊ လွတ်လပ်စွာကြိုတင်အသိပေးညှိနှိုင်းရယူထားသည့် သဘောတူညီချက်၊ စစ်မှန်သောပါဝင်မှုနှင့် အားလုံးအကျုံးဝင်မှုတို့သည် လေးစားလိုက်နာကျင့်သုံးရမည့် အချက်များဖြစ်ကြောင်း၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ တာဝန်နှင့်ဝတ္တရားများဖြစ်သည့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူများ၏ စွမ်းဆောင်ရည်ကိုမြင့်တင်ခြင်း၊ အစီရင်ခံစာပါ အချက်အလက်များကို အများပြည်သူသို့ အချိန်မီ ထုတ်ပြန်နိုင်ရေး၊ MATA အနေဖြင့် အဓိကဆောင်ရွက်ရသည့် အချက်တစ်ချက်ဖြစ်သည့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ သဘောတူအတည်ပြုထားသော သတင်းအချက်အလက်များ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူများ အတွင်းသိရှိနားလည်ရေးနှင့် လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်ခြင်း၊ EITI လုပ်ငန်းစဉ်ကို အတားအဆီးဖြစ်စေသော ကိစ္စရပ်များကို သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့နှင့် ညှိနှိုင်းအဖြေရှာပြီး အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများအား SNU များအနေဖြင့် လေးစားလိုက်နာရမည် ဖြစ်ကြောင်း၊ EITI သည် လုပ်ငန်းစဉ်ဖြစ်သည့်အလျောက် လုပ်ငန်းစဉ် အား ရပ်တန့်၍ မရနိုင်ကြောင်း၊ ယခင် အစိုးရ အပြောင်းအလဲတွင် ခေတ္တ ရပ်တန့် ခြင်းရှိခဲ့သော်လည်း EITI လုပ်ငန်းစဉ် ဆက်လက် လုပ်ဆောင်နိုင်ရန် သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့အနေဖြင့် ညှိနှိုင်း ချိတ်ဆက်မှု များအား မိမိတို့ ၏ ဘဏ္ဍာငွေဖြင့် လုပ်ဆောင် ခဲ့ရ ကြောင်း၊ ကချင်ပြည်နယ်သို့ လာရောက်ရန် ဘတ်ဂျက်မရှိ



သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အရပ်ဘက်ကဏ္ဍကိုယ်စားလှယ်မှ တင်ပြစဉ်

သည့် အခါ အရပ်ဘက် အဖွဲ့အစည်းအနေဖြင့် လွှမ်းမိုးစေ လိုခြင်း မဟုတ်ပဲ မိမိတို့ တာဝန်ဝတ္တရားအရ ဘတ်ဂျက်စိုက်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကချင်ပြည်နယ်အတွက် အရေးပါသည့် SNU ဖွဲ့စည်းနိုင်ရန် နှင့် မြေပြင်တွင် ကြုံတွေ့နေရသည့် ကိစ္စရပ်များအား ဖြေရှင်းနိုင်ရန် ရည်ရွယ်ကြောင်း၊ အရပ်ဘက် အဖွဲ့အစည်းအနေဖြင့် တာဝန်ဝတ္တရားအား ကျော်လွန်ခြင်း မရှိစေရကြောင်း၊ အရပ်ဘက်အဖွဲ့အစည်း များအနေဖြင့်လည်း ယခုတိုင် တာဝန်ဝတ္တရားအား ကျော်လွန်ခြင်းမရှိသေးကြောင်း၊ ကျော်လွန်လာခြင်း ရှိပါက မည်သည့်ကဏ္ဍကို မဆို အရပ်ဘက်အဖွဲ့အစည်းမှ ထောက်ပြခြင်းမျိုးရှိကြောင်း၊

အခက်အခဲစိန်ခေါ်မှုအနေဖြင့် အပြန်အလှန်ယုံကြည်မှု ရှိရန်၊ နိုင်ငံ၏ ပုံရိပ်နှင့် အကျိုးစီးပွား နှင့် စပ်ဆက်နေသည့်အတွက် လားရာတူကြောင်း လက်ခံနိုင်ရန်၊ အငြင်းပွားခြင်းမှ ကောင်းမွန်သည့် အဖြေရှာနိုင်ရန် လိုအပ်ကြောင်း တင်ပြခဲ့ပါသည်။

## (ဃ) တိုင်း/ ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ တာဝန်၊ ဝတ္တရားနှင့် လုပ်ငန်း လမ်းညွှန်များအား ရှင်းလင်းတင်ပြခြင်း

မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးမှ အကြီးတန်းပြန်ကြားရေးအရာရှိမှ တိုင်း/ ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (SNU) ၏ ဖွဲ့စည်းပုံ၊ တာဝန်ဝတ္တရားများနှင့် လုပ်ငန်းလမ်းညွှန် (Term of Reference/ ToR) အား ရှင်းလင်းတင်ပြရာတွင် SNU များ ဖွဲ့စည်းခြင်းဖြင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအတွင်း သဘာဝသယံဇာတများ စီမံအုပ်ချုပ်မှုလုပ်ငန်းများတွင် EITI စံနှုန်းနှင့်အညီ သက်ဆိုင်သူများအားလုံးအတူ ပူးပေါင်းလုပ်ဆောင်ရန် မျှော်မှန်းကြောင်း၊ EITI ဆိုင်ရာ အမြင်ဖွင့်ခြင်းနှင့် စွမ်းဆောင်ရည် တည်ဆောက်မှုသတင်းများ အကောင်အထည်ဖော်ရာတွင် အစိုးရ၊ ပုဂ္ဂလိက နှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ပံ့ပိုးကူညီပေးနိုင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင် ရန်၊ ကချင်ပြည်နယ်အဆင့် EITI လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရမည့် အခက်အခဲများ၊ အငြင်းပွားမှု များကို အတူဖော်ထုတ်ဖြေရှင်းခြင်းနှင့် မဖြစ်အောင် ကြိုတင်ကာကွယ် ပြင်ဆင်ခြင်းများအတူ လက်တွဲ လုပ်ဆောင်ရန်၊ ပြည်ထောင်စုအဆင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ ကျင့်ဝတ်များနှင့် လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာ ဆောင်ရွက်ရန်၊ ကချင်ပြည်နယ်အတွင်း သယံဇာတတူးဖော်ထုတ်လုပ်နေသည့် လုပ်ငန်းများတွင် လုပ်ကိုင်နေသည့် ကုမ္ပဏီများအား ပွင့်လင်း မြင်သာမှုရှိအောင် တွန်းအားပေးရန်စသည့် SNU လာရောက်ဖွဲ့စည်းရခြင်း ရည်ရွယ်ချက် (၅) ချက် ရှိကြောင်း၊ SNU များသည် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (MSG) ၏ တာဝန်နှင့် ဝတ္တရားများပါ အခြေခံ မှုများအား လိုက်နာရန်၊

SNU တွင် ပြည်နယ်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးမှ နာယကဦးဆောင်၍ အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်ကဏ္ဍတို့မှ ကိုယ်စားလှယ် တစ်ဦးစီ ပါဝင်

သည့် အတွင်းရေးမှူးအဖွဲ့ရှိကြောင်း၊ အစိုးရကဏ္ဍအနေဖြင့် သယံဇာတကဏ္ဍနှင့် စပ်လျဉ်းသည့် ဌာနလုပ်ငန်းများ အပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြေးကိုင်နှင့် မြေစာရင်း ဦးစီးဌာနတို့မှ ကိုယ်စားလှယ်များ ပါဝင်ရန်လိုအပ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍတွင်လည်း ပြည်နယ်ရှိ လုပ်ငန်းများအား ကိုယ်စားပြုသည့် လုပ်ငန်းရှင် (၅) ဦးပါဝင်ရန်နှင့် အရပ်ဘက်ကဏ္ဍတွင်လည်း ပြည်နယ်အတွင်းရှိ အရပ်ဘက်အဖွဲ့အစည်းများ ကိုယ်စားပြုသည့် ကိုယ်စားလှယ် (၅) ဦးပါဝင်ရန် လိုအပ်ကြောင်း၊ လွှတ်တော်ကဏ္ဍမှ လေ့လာစောင့်ကြည့်သူဖြင့် ပါဝင်ကြကြောင်း၊

နာယကသည် မြန်မာနိုင်ငံ EITI ဦးဆောင်ကော်မတီအပါအဝင် ဝန်ကြီးဌာနများ၏ သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် SNU တို့အကြား ပေါင်းကူးဆက်သွယ် ညှိနှိုင်းဆောင်ရွက်ရန်၊ SNU မှ အတည်ပြုထားသော အစည်းအဝေးမှတ်တမ်းများ၊ ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ ပြည်နယ် နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့တင်ပြရန်၊ SNU ၏ ဆုံးဖြတ်ချက် များကို အကောင်အထည်ဖော်နိုင်ရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများနှင့် ချိတ်ဆက်၍ ညှိနှိုင်းဆောင်ရွက်ရန်နှင့် SNU ၏ အဓိကလုပ်ငန်းစဉ် (၄) ရပ်ကို ဦးဆောင် အကောင်အထည် ဖော်ဆောင်ရန် လိုအပ်ကြောင်း၊ အတွင်းရေးမှူးအဖွဲ့အနေဖြင့် ပုံမှန် အစည်းအဝေး ဦးဆောင် ကျင်းပရန်နှင့် အစည်းအဝေးမှတ်တမ်းများအား ပြုစုရေးသားရန်၊ လုပ်ငန်းအစီအစဉ် (Work Plan) များ ညှိနှိုင်းရေးဆွဲရန်၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းအစီအစဉ်များ ညှိနှိုင်းရေးဆွဲရန်၊ MSG ၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး (National Coordination Secretariat – NCS) နှင့်ချိတ်ဆက် ဆောင်ရွက်ရန်၊ SNU ၏အဓိကလုပ်ငန်းစဉ် (၄) ရပ်ကို အကောင်အထည်ဖော်ဆောင်ရန် လိုအပ်ကြောင်း ရှင်းလင်းတင်ပြခဲ့ပြီး SNU တွင်ပါဝင်သူတိုင်း ဆောင်ရွက်ရမည့် အဓိကလုပ်ငန်းစဉ် (၄) ရပ်အား အသေးစိတ် ရှင်းလင်းမျှဝေခဲ့ပါသည်။ (နောက်ဆက်တွဲ (၃) ဖြင့် တိုင်း/ ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (SNU) ၏ ဖွဲ့စည်းပုံ၊ တာဝန်ဝတ္တရားများနှင့် လုပ်ငန်းလမ်းညွှန် (Term of Reference/ ToR) အား ဖော်ပြထားပါသည်။)

### (င) ကချင်ပြည်နယ် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရန် အမည်စာရင်း အဆိုပြုခြင်း၊ အတည်ပြုခြင်းနှင့် ကချင်ပြည်နယ် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများသည် ကချင်ပြည်နယ် လုပ်ငန်းညှိနှိုင်းဆောင်ရွက် ရေးအဖွဲ့တွင် အမည်စာရင်းများ အဆိုပြုတင်သွင်းနိုင်ရန် ကဏ္ဍအလိုက် စုပေါင်းထိုင်ခဲ့ကြပြီး ကဏ္ဍအလိုက် ပါဝင်မည့် အဖွဲ့ဝင်များနှင့် အရန်ကိုယ်စားလှယ်များအား ညှိနှိုင်းဆွေးနွေးရွေးချယ်မှု များ ပြုလုပ်ခဲ့ကြပါသည်။ ထို့အပြင် ကဏ္ဍအလိုက်ပါဝင်မည့် SNU အဖွဲ့ဝင်များမှ အတွင်းရေးမှူး ခန့်အပ် ရွေးချယ်မှုများလည်း ပြုလုပ်ခဲ့ကြပါသည်။ အစိုးရကဏ္ဍအနေဖြင့် အတွင်းရေးမှူး ခန့်အပ်ရာ တွင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီး အများစု၌ SNU ဖွဲ့စည်းရာတွင် အတွင်းရေးမှူးအဖြစ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ယူလေ့ရှိသော်လည်း ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ ကချင်

ပြည်နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပါဝင်တက်ရောက်လာခဲ့ခြင်းမရှိသဖြင့် တိကျသည့် ကိုယ်စားလှယ် အမည်စာရင်းမရှိခဲ့ပါ။ ထို့အတွက် ကချင်ပြည်နယ်၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးအား အစိုးရကဏ္ဍ SNU အတွင်းရေးမှူး အဖြစ် ရွေးချယ်ခန့်အပ်ခဲ့ပါသည်။ ထို့အတူ ကြေးကိုင်နှင့် မြေစာရင်း ဦးစီးဌာနမှလည်း တက်ရောက်ခဲ့ခြင်းမရှိသဖြင့် တိကျသည့် ကိုယ်စားလှယ် မရှိခဲ့ပါ။

*ကချင်ပြည်နယ် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့တွင် ပါဝင်သူများ စာရင်း*

ထို့နောက် တက်ရောက်လာသူများမှ ကချင်ပြည်နယ် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့အား အောက်ပါကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန် အတည်ပြုခဲ့ကြပြီး ကချင်ပြည်နယ် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့အား အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပါသည်။

| စဉ် | အမည် | မိခင်ဌာန/ အဖွဲ့အစည်းနှင့် ရာထူးတာဝန် | SNU တာဝန် |
|---|---|---|---|
| ၁ | ဦးလဆိုင်း | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ | နာယက |
| အတွင်းရေးမှူးအဖွဲ့ | | | |
| ၁ | ဦးစောယု | ညွှန်ကြားရေးမှူး၊ သတ္တုတွင်းဦးစီးဌာန | အစိုးရကဏ္ဍ အတွင်းရေးမှူး |
| ၂ | ဦးစိုင်းအုန်းရွှေ | အတွင်းရေးမှူး၊ ကချင်ပြည်နယ် သတ္တုလုပ်ငန်းရှင်များအသင်း | ပုဂ္ဂလိကကဏ္ဍ အတွင်းရေးမှူး |
| ၃ | ဦးပီတာမျိုးအောင် | ဒါရိုက်တာ၊ CHAD/ မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ | အရပ်ဘက်အဖွဲ့အစည်း ကဏ္ဍ အတွင်းရေးမှူး |
| အစိုးရကဏ္ဍ ကိုယ်စားလှယ် (၈) ဦး | | | |
| ၁ | ဦးစောယု | ညွှန်ကြားရေးမှူး၊ သတ္တုတွင်းဦးစီးဌာန | အစိုးရကဏ္ဍ အတွင်းရေးမှူး |
| ၂ | ဦးခင်မောင်မြင့် | လက်ထောက်အထွေထွေမန်နေဂျာ၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| ၃ | ဦးနေထွန်း | လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| ၄ | ဦးခင်မောင်ဦး - ၆ | ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၅ | ဦးအောင်ခိုင်စိုး | ညွှန်ကြားရေးမှူး၊<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | ဦးအောင်ဝင်း | ညွှန်ကြားရေးမှူး၊<br>ပြည်နယ်အခွန်ဦးစီးမှူး | အဖွဲ့ဝင် |
| ၇ | ညွှန်ကြားရေးမှူး | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | ညွှန်ကြားရေးမှူး | ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ် (၅) ဦး | | | |
| ၁ | ဦးစိုင်းအုန်းရွှေ | အတွင်းရေးမှူး၊<br>ကချင်ပြည်နယ် သတ္တုလုပ်ငန်းရှင်များအသင်း | ပုဂ္ဂလိကကဏ္ဍ<br>အတွင်းရေးမှူး |
| ၂ | ဦးညာဏ်သိန်း | ဒုတိယဥက္ကဋ္ဌ၊<br>ကချင်ပြည်နယ် သတ္တုလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် (သတ္တု) |
| ၃ | ဦးတူးခေါင် | အထွေထွေအတွင်းရေးမှူး၊<br>ကချင်ပြည်နယ်ကျောက်မျက်အသင်း၊ မြစ်ကြီးနား | အဖွဲ့ဝင် (ကျောက်မျက်) |
| ၄ | ဦးဇော်လေးမြင့် | ဥက္ကဋ္ဌ၊<br>ဖားကန့်ကျောက်မျက်အသင်း | အဖွဲ့ဝင် (ကျောက်မျက်) |
| ၅ | ဦးသီဟမြင့်လွင် | အလုပ်အမှုဆောင်၊<br>ကချင်ပြည်နယ်သစ်လုပ်ငန်းရှင်များအသင်း/<br>ကောင်းဆက်သစ်စက်လုပ်ငန်း | အဖွဲ့ဝင် (သစ်စက်) |
| အရပ်ဘက်ကဏ္ဍ ကိုယ်စားလှယ် (၅) ဦး | | | |
| ၁ | ဦးပီတာမျိုးအောင် | ဒါရိုက်တာ၊ CHAD/<br>မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု<br>တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ | အရပ်ဘက်အဖွဲ့အစည်း<br>ကဏ္ဍ အတွင်းရေးမှူး |
| ၂ | ဒေါ်တွမ်ဖန် | စီမံကိန်းညှိနှိုင်းရေးမှူး၊ Metta/<br>မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု<br>တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ | အဖွဲ့ဝင် |
| ၃ | ဦးမင်ဆိုင်း | နမ်ရှနီ လူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်းတာဝန်ခံ<br>(ပူတာအို)/<br>မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု<br>တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ | အဖွဲ့ဝင် |
| ၄ | ဦးအင်ခွမ်ဘရန်အောင် | အစီအစဥ်မန်နေဂျာ၊ KCWG/ TNGL/<br>မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု<br>တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ | အဖွဲ့ဝင် |
| ၅ | ဦးရဲဝင်းထိုက် | ဒါရိုက်တာ၊ NGDA (မိုးညှင်း)/<br>မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု<br>တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| လေ့လာသူအဖြစ် လွှတ်တော်ကဏ္ဍမှ ကိုယ်စားလှယ် (၂) ဦး | | | |
| ၁ | ဦးတင်ဦးယု | ဥက္ကဋ္ဌ၊<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီ၊ ကချင်ပြည်နယ်လွှတ်တော် | လေ့လာသူ |
| ၂ | ဦးနေဝင်း | အဖွဲ့ဝင်၊<br>စီးပွားရေးနှင့် လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ကော်မတီ၊ ကချင်ပြည်နယ်လွှတ်တော် | လေ့လာသူ |
| အရန်ကိုယ်စားလှယ်များ | | | |
| အစိုးရကဏ္ဍ အရန်ကိုယ်စားလှယ် (၅) ဦး | | | |
| ၁ | ဦးယဉ်ကျော်အောင် | ဒုတိယညွှန်ကြားရေးမှူး၊<br>သတ္တုတွင်းဦးစီးဌာန | အရန်ကိုယ်စားလှယ် |
| ၂ | ဦးထိန်ဝင်း | လက်ထောက်ညွှန်ကြားရေးမှူး၊<br>သစ်တောဦးစီးဌာန | အရန်ကိုယ်စားလှယ် |
| ၃ | ဒေါ်နွယ်နွယ်အေး | လက်ထောက်ညွှန်ကြားရေးမှူး၊<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အရန်ကိုယ်စားလှယ် |
| ၄ | ဦးရဲဝင်းထွန်း | ဒုတိယညွှန်ကြားရေးမှူး၊<br>ဒုတိယပြည်နယ်အခွန်ဦးစီးမှူး | အရန်ကိုယ်စားလှယ် |
| ၅ | ဦးခင်မောင်လင်း | လက်ထောက်မန်နေဂျာ၊<br>မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း | အရန်ကိုယ်စားလှယ် |
| ပုဂ္ဂလိကကဏ္ဍ အရန်ကိုယ်စားလှယ် (၈) ဦး | | | |
| ၁ | ဦးဝင်းမြင့်ဆွေ | အတွင်းရေးမှူး၊<br>ကချင်ပြည်နယ်သတ္တုလုပ်ငန်းရှင်များအသင်း | အရန်ကိုယ်စားလှယ်<br>(သတ္တု) |
| ၂ | ဒေါ်လှလှဝင်း | တွဲဘက်အတွင်းရေးမှူး၊<br>ကချင်ပြည်နယ်သတ္တုလုပ်ငန်းရှင်များအသင်း | အရန်ကိုယ်စားလှယ်<br>(သတ္တု) |
| ၃ | ဒေါ်ကြည်ကြည်မြ | တွဲဘက်အတွင်းရေးမှူး၊<br>ကချင်ပြည်နယ်သတ္တုလုပ်ငန်းရှင်များအသင်း | အရန်ကိုယ်စားလှယ်<br>(သတ္တု) |
| ၄ | ဦးသိန်းစိုးဦး | အတွင်းရေးမှူး၊ မချမ်းဘောအသင်းခွဲ (သတ္တု) | အရန်ကိုယ်စားလှယ်<br>(သတ္တု) |
| ၅ | ဒေါ်ရေဂျီးနား | ဘဏ္ဍာရေးမှူး၊<br>ကချင်ပြည်နယ်သတ္တုလုပ်ငန်းရှင်များအသင်း | အရန်ကိုယ်စားလှယ်<br>(သတ္တု) |
| ၆ | ဦးလခရိလအောင် | ဥက္ကဋ္ဌ၊ ကချင်ပြည်နယ် သတ္တုလုပ်ငန်းရှင်များအသင်း | အရန်ကိုယ်စားလှယ်<br>(သတ္တု) |
| ၇ | ဦးအောင်ဂမ် | ဒုတိယဥက္ကဋ္ဌ၊ ကချင်ပြည်နယ်<br>သတ္တုလုပ်ငန်းရှင်များအသင်း | အရန်ကိုယ်စားလှယ်<br>(သတ္တု) |
| ၈ | ဒေါ်ဝင်းမျိုးသွယ် | အလုပ်အမှုဆောင်၊<br>ကချင်ပြည်နယ်သစ်လုပ်ငန်းရှင်များအသင်း/<br>ပရိဘောဂလုပ်ငန်း | အရန်ကိုယ်စားလှယ်<br>(ပရိဘောဂ) |

| အရပ်ဘက်ကဏ္ဍ အရန်ကိုယ်စားလှယ် (၈) ဦး | | | |
|---|---|---|---|
| ၁ | ဦးနော်ထွဲ | သိပ္ပံတက္ကသိုလ်အသင်း/ မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ | အရန်ကိုယ်စားလှယ် |
| ၂ | ဒေါ်ဘောက်ရာ | ဒေသစိတ်ညှိနှိုင်းရေးမှူး၊ Metta/ မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ | အရန်ကိုယ်စားလှယ် |
| ၃ | ဦးဇောင်းဒိုင် | လောင်ဗျစ်ခေါင်အဖွဲ့ (ချီဖွေ)/ မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ | အရန်ကိုယ်စားလှယ် |
| ၄ | ဦးမျိုးဆန်း | ခိုင်မြဲသောတွဲလက်များ (Grip Hands Org)/ မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ | အရန်ကိုယ်စားလှယ် |
| ၅ | ဦးအင်ကောင်းအောင် (ခ) ဘရန်အောင် | ထွယ်ဆန်ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်း (မိုးညှင်း)/ မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ | အရန်ကိုယ်စားလှယ် |
| ၆ | ဦးတူးဂျာ | စီမံကိန်းညှိနှိုင်းရေးမှူး၊ Bridge/ မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ | အရန်ကိုယ်စားလှယ် |
| ၇ | ဒေါ်ဂျာဘောက် | စီမံကိန်းတာဝန်ခံ၊ Spectrum – Kachin/ မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ | အရန်ကိုယ်စားလှယ် |
| ၈ | ဦးဟောင်းခေါင် | ဒါရိုက်တာ၊ KBC – Wai Maw ဖွံ့ဖြိုးရေး/ မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ | အရန်ကိုယ်စားလှယ် |

## (စ) ယခင် SNU ဖွဲ့စည်းခြင်းအတွေ့အကြုံများနှင့် SNU ဖွဲ့စည်းထား ရှိခြင်း၏ အကျိုးကျေးဇူးများအား ရှင်းလင်းတင်ပြခြင်း

### *(၁) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစိုးရကဏ္ဍ ကိုယ်စားလှယ်မှ ရှင်းလင်းတင်ပြခြင်း*

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အစိုးရကဏ္ဍကိုယ်စားလှယ်တစ်ဦးဖြစ်သည့် သတ္တုတွင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်မှ ရှင်းလင်းတင်ပြရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် EITI အကောင်အထည်ဖော်ဆောင်လေ့ရှိပြီး ဖွဲ့စည်းပုံအားကောင်းသည့် အခြားနိုင်ငံများတွင် ဥပဒေ၊ နည်းဥပဒေများဖြင့်သာ ဆောင်ရွက်ကြကြောင်း၊ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင်မှ Open Gvornment Partnership အဖွဲ့ဝင်ထားကြောင်း၊ မိမိတို့နိုင်ငံတွင် အချက်အလက်များ ရှာဖွေရန်

ခက်ခဲကြောင်း၊ ယခုအခါ EITI အစီရင်ခံစာများတွင် လွယ်လင့်တကူရှာဖွေနိုင်ကြောင်း၊ MEITI website တွင် ကချင်ပြည်နယ်အတွင်း လုပ်ကွက်အချက်အလက်များအားလည်း ရှာဖွေနိုင်ပြီ ဖြစ်ကြောင်း၊

SNU ဖွဲ့စည်းခြင်းတွင် အားတက်သရော ပါဝင်ကြသည်ကို တွေ့ရသည့်အတွက် ဝမ်းမြောက်မိကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် လက်လုပ်လက်စားမှအစ စီမံကိန်းအကြီးစားများနှင့် ထိတွေ့ရလေ့ရှိကြောင်း၊ ထိုကဲ့သို့ လုပ်ငန်းပုံစံအမျိုးမျိုးနှင့် အရပ်ဘက်အဖွဲ့အစည်းများ စုံလင်စွာ ပါရှိသည့် SNU အား ကြိုဆိုပါကြောင်း၊ ဥပဒေပြုရာတွင်၊ လုပ်ငန်းစဥ်များဆောင်ရွက်ရာတွင် အစိုးရကဏ္ဍအနေဖြင့် စာရင်းဇယားများအား စနစ်ကျကျ စုစည်းထားရကြောင်း၊ EITI ဥပဒေပြဌာန်းထားခြင်း မရှိသဖြင့် ကုမ္ပဏီများသည် EITI အလို့ငှာ အချက်အလက်များ ဖော်ထုတ်ရန် ဆက်သွယ်ရာတွင် ခက်ခဲကြောင်း၊ EITI နှင့် ပတ်သက်၍ ဥပဒေမူဘောင်တစ်ခု လိုအပ်ကြောင်း၊ SNU များအတွက် ဘဏ္ဍာရေးကိစ္စရပ်နှင့် ပတ်သက်၍ အခက်အခဲ ရှိနိုင်ကြောင်း၊ ပွင့်လင်းမြင်သာမှု၊ စိတ်စေတနာနှင့် အောင်မြင်စေရန် ခံယူချက်သည်လည်း အရေးပါကြောင်း၊ အစိုးရကဏ္ဍအနေဖြင့် အခြားလုပ်ငန်းတာဝန်များအပြင် EITI လုပ်ငန်းစဥ်များ ဆောင်ရွက်နေရသည်ကို သိရှိနားလည်ကြောင်း၊ သို့သော် EITI လုပ်ငန်းစဥ်တွင် စိတ်စေတနာကောင်းဖြင့် အောင်မြင်စေရန် လုပ်ဆောင်ရန် တိုက်တွန်းကြောင်း၊

SNU အကြား ဆွေးနွေးရာတွင်လည်း ပွင့်လင်းစွာ ဆွေးနွေးပြောဆိုရန် လိုအပ်ကြောင်း၊ Beneficial Ownership၊ စာချုပ်စာတမ်း ပွင့်လင်းမြင်သာမှုကဲ့သို့ လုပ်ငန်းစဥ်များတွင် စိန်ခေါ်မှုများ ကြုံတွေ့နိုင်ကြောင်း၊ အခြားပြည်နယ်နှင့် တိုင်းများနှင့် မတူပဲ ကချင်ပြည်နယ်သည် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍လည်း ထည့်သွင်းစဥ်းစားရန် လိုအပ်ကြောင်း၊ မငြိမ်းချမ်းသည့် ဒေသများတွင် အကောင်အထည်ဖော်မှုနှင့် ပတ်သက်၍လည်း မခွဲခြင်းမချန်ဆွေးနွေးစေလိုကြောင်း၊ အကြီးစားလုပ်ငန်း၊ အသေးစားလုပ်ငန်းဟု ခွဲခြား၍ မရဘဲ လက်ရည်တပြင်တည်း ဆွေးနွေးရန်လိုအပ်ကြောင်း၊ လုပ်ကွက်အရေအတွက်နှင့် မိမိတို့ဝန်ကြီးဌာနအင်အားမမျှကြောင်း၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် ပူးပေါင်းစောင့်ကြည့်ရမည် ဖြစ်ကြောင်း၊ သယံဇာတများ၏ မူလပိုင်ရှင်သည် ပြည်သူများဖြစ်သဖြင့် ယင်းမှရရှိသည့်အခွန်အခများသည် ပြည်သူများအကျိုးအတွက်ဖြစ်ကြောင်း၊ ထို့အတွက် EITI လုပ်ငန်းစဥ်တွင် အားလုံးနှင့် လက်တွဲဆောင်ရွက်ခြင်းကြောင့် ယခုကဲ့သို့ အောင်မြင်မှုများ ရရှိခြင်း ဖြစ်ကြောင်း၊

SNU တွင် နယ်ပယ်အသီးသီးမှ ပါဝင်သူများသည် Open-minded ဖြစ်ကာ ပူးပေါင်းဆောင်ရွက်ရန် နှင့် အခက်အခဲများ ကြုံလာပါက အပြစ်မမြင်ပဲ အားလုံးဝိုင်းဝန်း ဆောင်ရွက် ရန် တိုက်တွန်းပါကြောင်း၊ ကချင်ပြည်နယ် ဝန်ကြီးချုပ်သည်လည်း SNU ဖွဲ့စည်းခြင်းအား ကြိုဆိုသည်ကို တွေ့ရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်လာသည့်အတွက် ဥပဒေ ပြုရေးတွင် သယံဇာတစီမံခန့်ခွဲမှုပိုင်း ပိုမိုကောင်းမွန်လာအောင် ဖန်တီးနိုင်မည်ဟု ယုံကြည်ပါ ကြောင်း၊ မိမိတို့ထံ

အချိန်မရွေး ချိတ်ဆက်နိုင်ပါကြောင်း၊ SNU သုံးပွင့်ဆိုင်တွင် ယုံကြည်မှု တည်ဆောက်ရမည် ဖြစ်ကြောင်း၊ ယုံကြည်မှုတည်ဆောက်နိုင်မှသာ အောင်မြင်နိုင်မည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

*(၂) သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ်မှ ရှင်းလင်းတင်ပြခြင်း*

သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ပုဂ္ဂလိကကဏ္ဍ အရန်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် မြန်မာနိုင်ငံ သတ္တုလုပ်ငန်းရှင်များအသင်းချုပ် အတွင်းရေးမှူး ဦးသက်နိုင်ဝင်းမှ ရှင်းလင်းတင်ပြရာတွင် SNU များအား မန္တလေးတိုင်း၊ တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းများတွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ယင်း SNU များတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် သတ္တု၊ ကျောက်မျက် ကျောက်စိမ်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ သစ်တော၊ ပုလဲကဏ္ဍတို့ပါဝင်ကြကြောင်း၊ ပြည်နယ်နှင့် တိုင်းအလိုက် SNU များတွင် စိန်ခေါ်မှုများ ရှိကြောင်း၊ အောက်ခြေရှိ ကိစ္စရပ်များ အား SNU တွင် ညှိနှိုင်းဖြေရှင်းနိုင်ခဲ့ သည့်အတွက် ကြီးသည့်အမှု သေး အောင် ဆောင်ရွက်နိုင်ကြ ကြောင်း၊ ကချင်ပြည်နယ် SNU တွင် ညီညွတ် စွာ ပူးပေါင်းစွာ ဆောင်ရွက် ကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့ ပါသည်။

*(၃) သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အရပ်ဘက်ကဏ္ဍ ကိုယ်စားလှယ်မှ ရှင်းလင်းတင်ပြခြင်း*

သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်တစ်ဦးဖြစ်သည့် မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့မှ ဦးသန့်ဇင်က ရှင်းလင်းတင်ပြရာတွင် SNU ၏ အဓိကလုပ်ငန်းစဥ် (၄) ရပ်အနက်မှ ဦးစားစဥ်းစားသင့်သည့် အချက်များ၊ အခက်အခဲစိန်ခေါ်မှု ဖြစ်နိုင်သည့်အချက်များအား တင်ပြလိုကြောင်း၊ SNU အနေဖြင့် SNU ၏ အဓိက လုပ်ငန်းစဥ် (၄) ရပ်၊ အချက်ပေါင်း (၂၄) ချက်အား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းစဥ်တွင် ဖွဲ့စည်းပုံနှင့် အခန်းကဏ္ဍ၊ တာဝန် ဝတ္တရားများသည် ပြည်ထောင်စုအဆင့်က သတ်မှတ်ထားသည့် မူဝါဒအတိုင်း လက်ခံကျင့်သုံးရမည် ဖြစ်ကြောင်း၊ လုပ်ငန်းအစီအစဥ်သည် ကချင်ပြည်နယ် SNU ပထမ အကြိမ်အစည်းအဝေးတွင် အလေးထား ဆွေးနွေးရမည့် အချက်ဖြစ်ကြောင်း၊ SNU သည် MSG နှင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးနှင့် လက်တွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊

လုပ်ငန်းစီမံခန့်ခွဲမှု အချက် (၁) မှ (၁၁) အထိသည် အစည်းအဝေးကျင်းပနည်းများ၊ မှတ်တမ်း ထုတ်ပြန်ခြင်းများနှင့် သက်ဆိုင်ပါကြောင်း၊ အသုံးစရိတ်ထည့်သွင်းထားသည့် လုပ်ငန်းအစီအစဥ် (Work Plan) ရေးဆွဲရန်လည်း အရေးကြီးကြောင်း၊ လုပ်ငန်းစဥ် ကြီးကြပ်ခြင်းနှင့် လိုအပ်လျှင် သတင်းအချက်အလက်ကောက်ယူခြင်းများသည် EITI စံနှုန်းနှင့်အညီ လုပ်ငန်းအစီအစဥ် အကောင်အထည် ဖော်ရာတွင် အရေးပါကြောင်း၊ ကာလတစ်ခုအလိုက် ပြန်လည်သုံးသပ်ရမည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာ SNU အလိုက် ရံပုံငွေများ ရှာဖွေစီမံခန့်ခွဲသုံးစွဲရန် ပြဋ္ဌာန်းထားကြောင်း၊ စွမ်းဆောင်ရည်မြှင့်တင်ရာတွင် MSGနှင့် ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ SNU အတွင်း ပါဝင်သူများသာမက ကိုယ်စားပြုသည့် ကဏ္ဍအလိုက်လည်း အမြင်ဖွင့်ခြင်းများ လုပ်ဆောင် ရမည်

ဖြစ်ကြောင်း၊ ဒေသခံမီဒီယာများနှင့်ချိတ်ဆက်၍သော်လည်းကောင်း၊ စာစောင်များ ထုတ်ဝေ၍ သော်လည်းကောင်း သတင်းအချက်အလက်များ မျှဝေရန် လိုအပ်ပါကြောင်း၊ ကွန်ယက်ချိတ်ဆက်ခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းတွင် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးနှင့် ချိတ်ဆက်ရန်ဟု ထည့်သွင်းဖော်ပြထားကြောင်း၊ ယခင်က ၂၀၁၆ စံနှုန်းအတိုင်း လိုက်နာရပြီး ယခုအခါ ၂၀၁၉ စံနှုန်းနှင့် အညီလိုက်နာဆောင်ရွက်ရမည် ဖြစ်ကြောင်း၊

အနှစ်ချုပ်အားဖြင့် စဉ်ဆက်မပြတ် အားတက်သရော ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ လုပ်ငန်းအစီအစဉ် ရေးဆွဲရာတွင် သုံးပွင့်ဆိုင်အကြား အရေးကြီးသည့်ကဏ္ဍ၊ လုပ်ငန်းနယ်ပယ်အား ဆွေးနွေးရမည် ဖြစ်ကြောင်း၊ ထုတ်ပြန်ထားသည့် EITI အစီရင်ခံစာများအား သုံးသပ်ကြည့်ရှုရန်လိုအပ်ကြောင်း၊ ထိုမှသာ ကချင်ပြည်နယ်လုပ်ငန်းစဉ်များနှင့် တိုက်ရိုက်ချိတ်ဆက်မိမည် ဖြစ်ကြောင်း၊ ဘဏ္ဍာရံပုံငွေအတွက် SNU မှသာ စီမံခန့်ခွဲသုံးစွဲရမည် ဖြစ်ကြောင်း၊ SNU တစ်ခုနှင့် တစ်ခု မတူညီသည့်ဘဏ္ဍာရံပုံငွေသုံးစွဲခြင်းပုံစံများ ရှိကြောင်း၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းများတွင် အစိုးရဘက်မှ ကုန်ကျခံကာ အစည်းအဝေးများအား ကြီးမှူးကျင်းပခြင်းဖြစ်ကြောင်း၊ တနင်္သာရီတိုင်းတွင် အရပ်ဘက်အဖွဲ့အစည်းမှ ကြီးမှူးကျင်းပကြောင်း၊ မိမိပြည်နယ်အတွက် ရေရှည်တည်တံ့မည့်ပုံစံတစ်ခု ဝိုင်းဝန်းစဉ်းစားဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊

လုပ်ငန်းအစီအစဉ်တွင် ထည့်သွင်းထားသည့် လုပ်ငန်းစဉ်များအား လက်တွေ့ အကောင်အထည်ဖော်ရာတွင် မည်သို့အကောင်အထည်ဖော်မည်အား အလေးပေးစဉ်းစားရမည် ဖြစ်ကြောင်း၊ ထို့နောက် ပြန်လည်သုံးသပ်ခြင်းလည်း လုပ်ဆောင်ရမည် ဖြစ်ကြောင်း၊ MSG နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ တာဝန်ခံကိုယ်စားပြုမည့် ကဏ္ဍအလိုက်သက်ဆိုင်သူများအား ပြန်လည်အစီရင်ခံမျှဝေရန် လိုအပ်ကြောင်း၊ SNU များသည် နှောင်းပိုင်းများတွင် ဘဏ္ဍာငွေအရသော်လည်းကောင်း၊ လုပ်ငန်းအစီအစဉ်အရသော်လည်းကောင်း အားလျော့သွားလေ့ရှိကြောင်း၊ ထိုအချက်အား သတိပြုကာ အစဉ်တစိုက် ဆောင်ရွက်မည်ဟု ယုံကြည်ကြောင်း၊ ဘောက်ဂျာကဲ့သို့ သုံးစွဲမှုစာရင်းဇယားများက မည်သို့တာဝန်ယူလုပ်ဆောင်ရန်လည်း ပထမအကြိမ်အစည်းအဝေးတွင် ဆွေးနွေးရန် လိုအပ်ကြောင်း၊

ဆက်လက်ဦးစားပေးလုပ်ဆောင်ရမည်မှာ ဒေသအလိုက် EITI စံနှုန်းနှင့်အညီ လုပ်ဆောင်ရမည့် လုပ်ငန်းအစီအစဉ်အား သတ်မှတ်ရန်၊ မူလလုပ်ငန်းစဉ် (၄) ရပ်တွင် ပါဝင်သည့် လုပ်ငန်းများအား MSG နှင့်ချိတ်ဆက်၍ လုပ်ဆောင်ရန်၊ ယခု SNU ဖွဲ့စည်းမှုများ ပိုမိုများပြားလာကြောင်း၊ ယခင်က SNU နှင့်ပတ်သက်၍ MSG အစည်းအဝေးများတွင် ဆွေးနွေးမှုများ အားနည်းခဲ့ကြောင်း၊ ယခုအခါ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း SNU များ အားကောင်းလာစေရန် ပံ့ပိုးခြင်းအတွက် ဆွေးနွေးမှုများ၊ မူအားဖြင့်လည်း ချမှတ်မှုများ၊ MSG နှင့် SNU အကြားချိတ်ဆက်မှုများအား ဆောင်ရွက်ရန် လိုအပ်လာကြောင်း၊ လူထုဆွေးနွေးပွဲများလည်း ကျင်းပသင့်ကြောင်း၊ တနင်္သာရီတိုင်းတွင် Mining

Cadastre အား ချိတ်ဆက်ဆောင်ရွက်နေသည်ဟု သိရှိထားကြောင်း၊ ပြည်ထောင်စုအဆင့် Mining Cadastre နှင့် ချိတ်ဆက်ပါက ပိုမိုအကျိုးရရှိမည်ဖြစ်ကြောင်း၊ SNU ဦးစားပေးလုပ်ငန်းများတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ထုတ်ခြင်း၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲခြင်းများ၊ သတ္တုကဏ္ဍဇဟိုချုပ်ကိုင်မှု လျှော့ချခြင်းများအား ထည့်သွင်းနိုင်ကြောင်း၊ မူဝါဒအားဖြင့် ကချင်ပြည်နယ်တွင် ကျောက်စိမ်းကျောက်မျက်မူဝါဒအတွက် လူထုနှင့်တွေ့ဆုံဆွေးနွေးပွဲများ ဆောင်ရွက်ထားပြီး ဖြစ်ကြောင်း၊ ဆက်လက်အကောင်အထည်ဖော်နိုင်ရန် SNU မှတိုက်တွန်းအားပေးနိုင်ကြောင်း၊ ဓာတ်သတ္တုမူဝါဒပိုင်းအတွက်လည်း ပြည်ထောင်စုအဆင့်နှင့် ချိတ်ဆက်၍ SNU မှ ဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။



သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ကိုယ်စားလှယ်များ၊ ကချင်ပြည်နယ် SNU မှ နာယက၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် အရန်ကိုယ်စားလှယ်များ မှတ်တမ်းဓါတ်ပုံရိုက်ကူးစဥ်




နာယကမှ ဦးဆောင်၍ ဆက်လက်ဆောင်ရွက်ကြရမည့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးစဉ်



နာယကမှ ဦးဆောင် ၍ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၊ ကချင်ပြည်နယ် SNU အဖွဲ့၊ MOBD နှင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး တာဝန်ဝန်ရှိသူများသည် ဆက်လက်ဆောင်ရွက်ကြရမည့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးစဉ်

# ၈။ ရှေ့လုပ်ငန်းစဉ်များ

နာယကမှ ဦးဆောင် ၍ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၊ ကချင်ပြည်နယ် SNU အဖွဲ့နှင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးတာဝန်ဝန်ရှိသူများသည် ဆက်လက်ဆောင်ရွက်ကြရမည့် ရှေ့လုပ်ငန်းစဉ်များအား ဆက်လက် ဆွေးနွေးခဲ့ကြပါသည်။ ပထမဦးစွာ အလှည့်ကျမိတ်ဆက်ခဲ့ကြပြီး SNU ဖွဲ့စည်းပြီးကြောင်း အမိန့်ကြော်ငြာစာ ထွက်ရှိနိုင်ရေး၊ ကချင်ပြည်နယ် SNU ၏ ပထမအကြိမ် အစည်းအဝေး ကျင်းပနိုင်ရန်နှင့် ဆွေးနွေးမည့် အကြောင်းအရာများစသည့်တို့အား ဆွေးနွေးခဲ့ကြပါသည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဝင်တစ်ဦးမှလည်း အစည်းအဝေးခန်းမနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် အစိုးရအဖွဲ့ရုံးတွင် ကျင်းပလေ့ရှိပြီး ကုန်ကျစရိတ်များအား အစိုးရအဖွဲ့မှ ကျခံလေ့ရှိကြောင်း၊ ထို့အတွက် အစိုးရ၏ စိတ်အားထက်သန်မှုအား ပြသရာလည်း ရောက်ကြောင်းလည်း အကြံပြုတင်ပြခဲ့ပါသည်။

ယင်းဆွေးနွေးပွဲမှ အောက်ပါ ရှေ့လုပ်ငန်းစဉ်များ ထွက်ပေါ်လာခဲ့ပါသည်-

(၁) နာယကမှ အနီးစပ်ဆုံးအစိုးရအဖွဲ့အစည်းအဝေးတွင် ဖွဲ့စည်းထားသည့် ကချင်ပြည်နယ် SNU တွင် အတည်ပြုပေးနိုင်ရန် တင်ပြ၍ SNU ဖွဲ့စည်းပြီးကြောင်း အမိန့်ကြော်ငြာစာထွက်ရှိရေးအတွက် ဆောင်ရွက်ရန်၊

(၂) ကချင်ပြည်နယ် SNU ပထမအကြိမ်အစည်းအဝေးအား ၂၀၂၀ ပြည့်နှစ်၊ မတ်လ လကုန်ပိုင်း၌ နာယက၏ ရုံးခန်း (သို့) သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူး ရုံးခန်းတွင် ကျင်းပရန်၊

(၃) ယင်းအစည်းအဝေးသည် ပထမဆုံးအကြိမ်အစည်းအဝေးဖြစ်သည့်အလျောက် ဘတ်ဂျက် အခက်အခဲရှိသဖြင့် SNU အဖွဲ့ဝင်ကိုယ်စားလှယ်များအနေဖြင့် ယင်းပထမအကြိမ်အစည်းအဝေးသို့ မိမိစရိတ်ဖြင့် တက်ရောက်ရန်၊

(၄) ယင်းပထမအကြိမ်အစည်းအဝေးတွင် အောက်ပါအကြောင်းအရာများအား ဆွေးနွေးရန်-

- ကချင်ပြည်နယ် SNU ရံပုံငွေ ရှာဖွေခြင်း၊ စီမံခန့်ခွဲခြင်း၊ သုံးစွဲခြင်းဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးချမှတ်ခြင်း၊
- ကချင်ပြည်နယ် SNU အတွက် ဘတ်ဂျက်၊ ရည်ရွယ်ချက်၊ ညွှန်ကိန်းများဖြင့် Work Plan တစ်ခု ရေးဆွဲခြင်း၊
- တနိုင်းဒေသရှိ အခက်အခဲများ၊ တရားဝင် လုပ်ကွက်နေရာချထားပေးရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊
- ယုံကြည်မှုအားကောင်းအောင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ဆွေးနွေးချမှတ်ခြင်း၊
- ကချင်ပြည်နယ်ရှိ အသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်းများ၏ အခက်အခဲများနှင့် ပတ်သက်၍ ဆွေးနွေးခြင်း

- ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများအတွက် ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်နိုင်ရန် ဆွေးနွေးခြင်း၊
- အစည်းအဝေးဆုံးဖြတ်ချက်များအား လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်ရန် လုပ်ငန်းစဥ်များနှင့် အချိန်ဇယားများ ချမှတ်ခြင်း၊

(၅) နာယကနှင့် အတွင်းရေးမှူးအဖွဲ့သည် ကချင်ပြည်နယ် SNU မှ ဆောင်ရွက်မှုများအား သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့နှင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးသို့ ချိတ်ဆက်ပေးပို့ရန်၊

(၆) ပထမအကြိမ်အစည်းအဝေးသို့ ဖွဲ့စည်းပြီး SNU အဖွဲ့ဝင်အား ဖိတ်ကြား၍ အတွေ့အကြုံများ မျှဝေရန်။

# နောက်ဆက်တွဲများ

## (၁.၁) EITI စံနှုန်းနှင့် မြန်မာနိုင်ငံ EITI လုပ်ငန်းစဥ်များအား မိတ်ဆက်ရှင်းလင်းတင်ပြခြင်း အခမ်းအနား အစီအစဥ်

| အချိန် | အကြောင်းအရာ | ဆွေးနွေးတင်ပြမည့်သူ |
|---|---|---|
| ၁၄း၀၀-၁၄း၁၀ | အဖွင့်အမှာစကားပြောကြားခြင်း | ဝန်ကြီးချုပ်၊<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၁၄း၁၀-၁၄း၂၀ | အမှာစကားပြောကြားခြင်း | ဥက္ကဌ၊<br>ကချင်ပြည်နယ်လွှတ်တော် |
| ၁၄း၂၀-၁၄း၃၀ | တက်ရောက်လာသူများမှ မိတ်ဆက်ခြင်း | တက်ရောက်လာသူများ |
| ၁၄း၃၀-၁၄း၅၀ | • EITI အား မိတ်ဆက်ရှင်းလင်းတင်ပြခြင်း<br>• မြန်မာနိုင်ငံ EITI လုပ်ငန်းစဥ်များ အကြောင်း ရှင်းလင်းတင်ပြခြင်း<br>• EITI အဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက် ကြိုးပမ်းခဲ့မှုများနှင့် လက်ရှိအခြေအနေများ<br>• SNU ဖွဲ့စည်းရသည့် ရည်ရွယ်ချက်များအား ရှင်းလင်းတင်ပြခြင်း | မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး |
| ၁၄း၅၀-၁၅း၁၀ | မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ အစိုးရ အခန်းကဏ္ဍအား ရှင်းလင်းတင်ပြခြင်း<br>• ခေတ်သတ္တုကဏ္ဍဖဟိုချုပ်ကိုင်မှုလျှော့ချခြင်း လုပ်ငန်းစဥ် ဆောင်ရွက်ထားမှုများအား ရှင်းလင်း တင်ပြခြင်း | သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစိုးရကိုယ်စားလှယ်တစ်ဦး |
| ၁၅း၁၀-၁၅း၂၀ | မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ ပုဂ္ဂလိက အခန်းကဏ္ဍအား ရှင်းလင်းတင်ပြခြင်း | သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ပုဂ္ဂလိကကိုယ်စားလှယ်တစ်ဦး |
| ၁၅း၂၀-၁၅း၃၀ | မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ အရပ်ဘက်အဖွဲ့အစည်း အခန်းကဏ္ဍအား ရှင်းလင်း တင်ပြခြင်း | သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အရပ်ဘက်ကိုယ်စားလှယ် တစ်ဦး |
| ၁၅း၃၀-၁၅း၅၀ | အမေးအဖြေကဏ္ဍ | တက်ရောက်လာသူများ |
| ၁၅း၅၀-၁၆း၀၀ | မှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးခြင်း | တက်ရောက်လာသူများ |

## (၁.၂) ကချင်ပြည်နယ် SNU ဖွဲ့စည်းခြင်းအလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်

| အချိန် | အကြောင်းအရာ | ဆွေးနွေးတင်ပြမည့်သူ |
|---|---|---|
| ၉း၀၀ - ၉း၃၀ | စာရင်းသွင်းခြင်း | တက်ရောက်သူများ |
| ၉း၃၀ - ၉း၄၀ | အဖွင့်အမှာစကားပြောကြားခြင်း | သယံဇာတဝန်ကြီး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၉း၄၀ - ၁၀း၂၀ | • EITI အား မိတ်ဆက်ရှင်းလင်းတင်ပြခြင်း<br>• မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းတင်ပြခြင်း<br>• EITI အဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက် ကြိုးပမ်းခဲ့မှုများနှင့် လက်ရှိအခြေအနေများ<br>• SNU ဖွဲ့စည်းရသည့် ရည်ရွယ်ချက်များအား ရှင်းလင်းတင်ပြခြင်း | မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး |
| **၁၀း၂၀ - ၁၀း၃၅** | **အစည်းအဝေးခေတ္တရပ်နားခြင်း** | |
| ၁၀း၃၅ - ၁၁း၂၀ | • သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့၏ အခန်းကဏ္ဍများ၊ တာဝန်နှင့် ဝတ္တရားများအား ရှင်းလင်းတင်ပြခြင်း<br>• အစိုးရ၊ ပုဂ္ဂလိက၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ကဏ္ဍအလိုက် တာဝန်နှင့် ဝတ္တရားများ ရှင်းလင်းတင်ပြခြင်း | သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့<br>• အစိုးရ ကိုယ်စားလှယ်တစ်ဦး<br>• ပုဂ္ဂလိက ကိုယ်စားလှယ်တစ်ဦး<br>• အရပ်ဘက် ကိုယ်စားလှယ်တစ်ဦး<br>(တစ်ဦးလျှင် ၁၀ မိနစ် ခန့်) |
| ၁၁း၂၀ - ၁၁း၄၀ | တိုင်းနှင့် ပြည်နယ်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ လုပ်ငန်းလမ်းညွှန် (ToR) များ အား ရှင်းလင်းတင်ပြခြင်း | မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး |
| ၁၁း၄၀ - ၁၂း၁၅ | အမေးအဖြေကဏ္ဍ | တက်ရောက်လာသူများ |
| **၁၂း၁၅ - ၁၃း၀၀** | **နေ့လည်စာ သုံးဆောင်ခြင်း** | |
| ၁၃း၀၀ - ၁၄း၀၀ | • ကချင်ပြည်နယ် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းရန်အတွက် အမည်စာရင်း အဆိုပြုခြင်း<br>• ကချင်ပြည်နယ် SNU ဖွဲ့စည်းခြင်း | ကချင်ပြည်နယ် Stakeholders |
| ၁၄း၀၀ - ၁၄း၁၅ | မှတ်တမ်းတင် ဓါတ်ပုံရိုက်ကူးခြင်း | တက်ရောက်လာသူများ |
| **၁၄း၁၅ - ၁၄း၃၀** | **အစည်းအဝေးခေတ္တရပ်နားခြင်း** | |

| | | |
|---|---|---|
| ၁၄း၃၀ - ၁၅း၀၀ | SNU ဖွဲ့စည်းခြင်းအတွေ့အကြုံများ၊ SNU ဖွဲ့စည်းထား ခြင်း၏ အကျိုးကျေးဇူးများ၊ ပြည်ထောင်စုအဆင့် MSG နှင့် SNU အကြား ပူးပေါင်းချိတ်ဆက်မှု စသည့် ဆွေးနွေးပွဲ | သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ |
| ၁၅း၀၀ - ၁၅း၅၀ | ရှေ့လုပ်ငန်းစဉ်များဆွေးနွေးခြင်း<br>• SNU ဖွဲ့စည်းပြီးကြောင်း တိုင်း/ ပြည်နယ် အစိုးရအဖွဲ့ အမိန့်ကြော်ငြာစာ ထွက်ရှိရေး<br>• SNU ၏ပထမအကြိမ် အစည်းအဝေး<br>• SNU ၏ Work Plan<br>• MSG နှင့် SNU အကြား ရေရှည်ချိတ်ဆက်မှု | ကချင်ပြည်နယ် SNU |
| ၁၅း၅၀ - ၁၆း၀၀ | နိဂုံးချုပ်စကားပြောကြားခြင်း | |

## (၂.၁) EITI စံနှုန်းနှင့် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များအား မိတ်ဆက်ရှင်းလင်းတင်ပြခြင်း အခမ်းအနား တက်ရောက်သူစာရင်း

| တက်ရောက်သူစုစုပေါင်း | | ၅၂ ဦး (ကျား - ၄၁ ဦး ၊ မ - ၁၁ ဦး) |
|---|---|---|
| စဉ် | အမည် | ရာထူး၊ ဌာန/အဖွဲ့အစည်း |
| ၁ | ဒေါက်တာခက်အောင် | ပြည်နယ်ဝန်ကြီးချုပ်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂ | ဦးထွန်းတင် | ဥက္ကဋ္ဌ၊<br>ကချင်ပြည်နယ်လွှတ်တော် |
| ၃ | ဦးခန်လင် | ဒုတိယဥက္ကဋ္ဌ၊<br>ကချင်ပြည်နယ်လွှတ်တော် |
| ၄ | ဦးဝေလင်း | ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၅ | ဦးလဆိုင်း | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး၊<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၆ | ဦးနော်လီ | စည်ပင်သာယာရေးဝန်ကြီး၊<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၇ | ဦးနေဝင်း | လူမှုရေးဝန်ကြီး၊<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၈ | ဦးဇော်ဝင်း | လူဝင်ကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဝန်ကြီး၊<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၉ | ဦးစိုးစိန်လင်း | ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး၊<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၁၀ | | အတွင်းရေးမှူး၊<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ |

| | | |
|---|---|---|
| ၁၁ | ဒေါ် Khaw Mar Win | လွှတ်တော်ကိုယ်စားလှယ်၊<br>ကချင်ပြည်နယ်လွှတ်တော် |
| ၁၂ | ဦး Turina | လွှတ်တော်ကိုယ်စားလှယ်၊<br>ကချင်ပြည်နယ်လွှတ်တော် |
| ၁၃ | ဗိုလ်မှူးကျော်သူမျိုး | လွှတ်တော်ကိုယ်စားလှယ်၊<br>ကချင်ပြည်နယ်လွှတ်တော် |
| ၁၄ | ဗိုလ်မှူး ထင်လင်းထွန်း | လွှတ်တော်ကိုယ်စားလှယ်၊<br>ကချင်ပြည်နယ်လွှတ်တော် |
| ၁၅ | ဗိုလ်မှူး ဝင်းသက်နိုင်မြင့် | လွှတ်တော်ကိုယ်စားလှယ်၊<br>ကချင်ပြည်နယ်လွှတ်တော် |
| ၁၆ | ဗိုလ်ကြီး ရန်အောင်ထိုက် | လွှတ်တော်ကိုယ်စားလှယ်၊<br>ကချင်ပြည်နယ်လွှတ်တော် |
| ၁၇ | ဦးကျော်သက် | ဒုတိယညွှန်ကြားရေးမှူးချုပ်၊<br>သတ္တုတွင်းဦးစီးဌာန/<br>MEITI – MSG |
| ၁၈ | ဦးခင်မောင်ဦး | ညွှန်ကြားရေးမှူး၊<br>သစ်တောဦးစီးဌာန |
| ၁၉ | ဦးရွှေပြည်စိုး | လက်ထောက်ညွှန်ကြားရေးမှူး၊<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန |
| ၂၀ | ဦးစောယု | ညွှန်ကြားရေးမှူး၊<br>သတ္တုတွင်းဦးစီးဌာန |
| ၂၁ | ဒေါ်ဟန်အေး | ညွှန်ကြားရေးမှူး၊<br>စီမံကိန်းဦးစီးဌာန |
| ၂၂ | ဦးသန်းစိန် | ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး၊<br>ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်း ဦးစီးဌာန |
| ၂၃ | ဦးနေထွန်း | လက်ထောက်အထွေထွေမန်နေဂျာ၊<br>မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း |
| ၂၄ | ဦးရဲထွန်းဝင်း | ဒုတိယညွှန်ကြားရေးမှူး၊<br>ပြည်တွင်းအခွန်များဦးစီးဌာန |
| ၂၅ | ဦးစည်သူ | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်း အင်းဦးစီးဌာန |
| ၂၆ | ဒေါ်ခင်ခင်လွင် | ညွှန်ကြားရေးမှူး<br>MOBD၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန |
| ၂၇ | ဒေါ်မေစုမွန်အောင် | ဦးစီးအရာရှိ၊<br>MOBD၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန |
| ၂၈ | ဦးအောင်ဆန်း | ဥက္ကဋ္ဌ၊<br>သစ်လုပ်ငန်းရှင်များအသင်း |

| | | |
|---|---|---|
| ၂၉ | ဦးသန်းထွန်း | ဒုတိယဥက္ကဋ္ဌ၊ သစ်လုပ်ငန်းရှင်များအသင်း |
| ၃၀ | ဦးလခရိလအောင် | ဥက္ကဋ္ဌ၊ ကချင်ပြည်နယ်သတ္တုလုပ်ငန်းရှင်များအသင်း |
| ၃၁ | ဦးညဏ်သိန်း | ဒုတိယဥက္ကဋ္ဌ၊ ကချင်ပြည်နယ်သတ္တုလုပ်ငန်းရှင်များအသင်း |
| ၃၂ | ဦးတူးခေါင် | အထွေထွေအတွင်းရေးမှူး၊ ကချင်ပြည်နယ်ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (မြစ်ကြီးနား) |
| ၃၃ | ဦးဇော်လေးမြင့် | ဥက္ကဋ္ဌ၊ ဖားကန့်ကျောက်မျက်လုပ်ငန်းရှင်အသင်း (မြစ်ကြီးနား) |
| ၃၄ | ဦးစိုးမော် | ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင် များ အသင်း/MEITI – MSG |
| ၃၅ | ဦးသက်နိုင်ဝင်း | အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်း/ MEITI – MSG Alternate |
| ၃၆ | ဒေါ်မိုးမိုးထွန်း | မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ (MATA)/ MEITI – MSG |
| ၃၇ | ဦးသန့်ဇင် | MATA/ MEITI – MSG |
| ၃၈ | ဦးဘုန်းပြည့်ကြွယ် | Programme Coordinator, MATA |
| ၃၉ | ဦးရဲဝင်းထိုက် | ဒါရိုက်တာ၊ TANKS |
| ၄၀ | H Kaung Zaung | Field Officer, TANKS |
| ၄၁ | Mim Seng | Member, TANKS |
| ၄၂ | ဦးမျိုးစန်း | Member, TANKS |
| ၄၃ | ဦးမျိုးအောင် | SC, TANKS |
| ၄၄ | Tum Hpang | Member, TANKS |
| ၄၅ | Ja Khaw Lu | P.M, TANKS |
| ၄၆ | Jawbum Pan Tein | Admin, TANKS |
| ၄၇ | Seng Htay | Finance Assistant, MATA |
| ၄၈ | ဒေါ်နှင်းထက်ထက်အောင် | Programme Manager, NCS |
| ၄၉ | ဦးဖွဲ့စည်သူအောင် | Beneficial Ownership Coordinator, NCS |
| ၅၀ | ဒေါ်ထက်နန္ဒာအောင် | Senior Communication Officer, NCS |
| ၅၁ | ဦးစိုးသီဟနိုင် | Admin Officer, NCS |
| ၅၂ | ဦးတက်ထွန်းဆိုင် | Admin Assitant, NCS |

## (၂.၂) ကချင်ပြည်နယ် SNU ဖွဲ့စည်းခြင်းအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူစာရင်း

| တက်ရောက်သူစုစုပေါင်း | | ၉၅ ဦး (ကျား - ၇၅ ဦး ၊ မ - ၂၀ ဦး) |
|---|---|---|
| စဉ် | အမည် | ရာထူး၊ ဌာန/အဖွဲ့အစည်း |
| ၁ | ဦးလဆိုင်း | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂ | ဦးခန်လင် | ဒုတိယဥက္ကဋ္ဌ၊ ကချင်ပြည်နယ်လွှတ်တော် |
| ၃ | ဦးတင်ဦးယု | လွှတ်တော်ကိုယ်စားလှယ်၊ ကချင်ပြည်နယ်လွှတ်တော် |
| ၄ | ဦးမင်းမင်း | လွှတ်တော်ကိုယ်စားလှယ်၊ ကချင်ပြည်နယ်လွှတ်တော် |
| ၅ | ဒေါ်ခေါ်မာစော | လွှတ်တော်ကိုယ်စားလှယ်၊ ကချင်ပြည်နယ်လွှတ်တော် |
| ၆ | ဦးမရန်တူးရိန် | လွှတ်တော်ကိုယ်စားလှယ်၊ ကချင်ပြည်နယ်လွှတ်တော် |
| ၇ | ဗိုလ်မှူးကျော်သူမျိုး | လွှတ်တော်ကိုယ်စားလှယ်၊ ကချင်ပြည်နယ်လွှတ်တော် |
| ၈ | ဗိုလ်မှူး ထင်လင်းထွန်း | လွှတ်တော်ကိုယ်စားလှယ်၊ ကချင်ပြည်နယ်လွှတ်တော် |
| ၉ | ဗိုလ်မှူးဝင်းထက်နိုင်မြင့် | လွှတ်တော်ကိုယ်စားလှယ်၊ ကချင်ပြည်နယ်လွှတ်တော် |
| ၁၀ | ဗိုလ်ကြီးရန်အောင်ထိုက် | လွှတ်တော်ကိုယ်စားလှယ်၊ ကချင်ပြည်နယ်လွှတ်တော် |
| ၁၁ | ဦးကျော်သက် | ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန/ MEITI – MSG |
| ၁၂ | ဦးခင်မောင်ဦး | ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန |
| ၁၃ | ဦးရွှေပြည်စိုး | လက်ထောက်ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန |
| ၁၄ | ဦးစောယု | ညွှန်ကြားရေးမှူး၊ သတ္တုတွင်းဦးစီးဌာန |
| ၁၅ | ဦးသန်းစိန် | ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်း ဦးစီးဌာန |
| ၁၆ | ဦးနေထွန်း | လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း |

| | | |
|---|---|---|
| ၁၇ | ဦးဝေနိုင် | ဦးစီးအရာရှိ၊<br>ပြည်တွင်းအခွန်များဦးစီးဌာန |
| ၁၈ | ဒေါ်ခင်ခင်လွင် | ညွှန်ကြားရေးမှူး<br>MOBD၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန |
| ၁၉ | ဒေါ်မေစုမွန်အောင် | ဦးစီးအရာရှိ<br>MOBD၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန |
| ၂၀ | ဦးစိုးမော် | ဒုတိယဥက္ကဋ္ဌ၊<br>မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင် များအသင်း/MEITI – MSG |
| ၂၁ | ဦးသက်နိုင်ဝင်း | အထွေထွေအတွင်းရေးမှူး၊<br>မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်း/<br>MEITI – MSG Alternate |
| ၂၂ | ဒေါ် မိုးမိုးထွန်း | မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု<br>တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ (MATA)/<br>MEITI – MSG |
| ၂၃ | ဦးသန့်ဇင် | MATA/ MEITI – MSG |
| ၂၄ | ဒေါ် ကြည်ကြည်မြ | တွဲဘက်အတွင်းရေးမှူး၊<br>ကချင်ပြည်နယ်သတ္တုလုပ်ငန်းရှင်များအသင်း |
| ၂၅ | ဦးညာဏ်သိန်း | ဒုတိယဥက္ကဋ္ဌ<br>ကချင်ပြည်နယ်သတ္တုလုပ်ငန်းရှင်များအသင်း |
| ၂၆ | ဦးသိန်းစိုးဦး | အတွင်းရေးမှူး<br>ပူတာအိုအသင်း |
| ၂၇ | ဦးဝင်းမြင့်ဆွေ | အတွင်းရေးမှူး<br>ကချင်ပြည်နယ်သတ္တုလုပ်ငန်းရှင်များအသင်း |
| ၂၈ | ဦးအောင်လတ် | ဒုတိယဥက္ကဋ္ဌ<br>သတ္တုအသင်း |
| ၂၉ | ဒေါ်လှလှဝင်း | အဖွဲ့ဝင်<br>သတ္တုအသင်း |
| ၃၀ | ဒေါ်အမွန်း | အဖွဲ့ဝင်<br>သီးနှံအသင်း |
| ၃၁ | ဦးယဉ်ထွေး | အဖွဲ့ဝင်<br>သတ္တုအသင်း |
| ၃၂ | ဦးနောင်ခိုင်ထွန်း | အဖွဲ့ဝင်<br>မောက်ကွမ်ကုမ္ပဏီ |
| ၃၃ | ဦးဇေလွမ်း | ဥက္ကဋ္ဌ<br>ကချင်ပြည်နယ်ကျောက်မျက်ရတနာလုပ်ငန်းရှင်းအသင်း |
| ၃၄ | ဦးတူးခေါင် | အထွေထွေအတွင်းရေးမှူး |

| | | |
|---|---|---|
| | | ကချင်ပြည်နယ်ကျောက်မျက်ရတနာလုပ်ငန်းရှင်းအသင်း |
| ၃၅ | ဦးသားငယ် | ကိုယ်စားလှယ် |
| ၃၆ | ဦးစိုင်းအုန်းရွှေ | အတွင်းရေးမှူး<br>ကချင်ပြည်နယ်သတ္တုလုပ်ငန်းရှင်များအသင်း |
| ၃၇ | ဦးလန်း | Very Good Flow Co. ကချင်ပြည်နယ် |
| ၃၈ | ဦးထွန်းကျော်ဦး | အဖွဲ့ဝင်<br>သီးနှံအသင်း |
| ၃၉ | ဦးသန်းထွန်း | သစ်လုပ်ငန်းရှင်အသင်း |
| ၄၀ | ဦးမြသွေး | ရုံးအုပ်၊<br>ချွန်းရင်းခူးကုမ္ပဏီ |
| ၄၁ | ဦးဝင်းမြင့်မောင် | သစ်လုပ်ငန်းရှင်အသင်း |
| ၄၂ | ဦးဇွန်းစံ | Green Flameland Co. |
| ၄၃ | ဦးအောင်ရင် | သယာမနောမြေ Co. |
| ၄၄ | ဦးဇော်တန် | သစ်လုပ်ငန်းရှင်အသင်း |
| ၄၅ | ဦးသီဟမြင့်လွင် | သစ်လုပ်ငန်းရှင်အသင်း |
| ၄၆ | ဦးချန်ဆောင် | ထိန်မင်းကုမ္ပဏီ |
| ၄၇ | ဦးဇော်လေးမြင့် | ဥက္ကဋ္ဌ၊<br>ဖားကန့်ကျောက်မျက်လုပ်ငန်းရှင်အသင်း |
| ၄၈ | ဦးလခရိလအောင် | ဥက္ကဋ္ဌ၊<br>ကချင်ပြည်နယ်သတ္တုလုပ်ငန်းရှင်အသင်း |
| ၄၉ | ဦးအောင်စိန် | မန်နေဂျာ<br>မြစိမ်းရတနာအောင် |
| ၅၀ | ဦးဂွါဆီး | MD<br>ဘော်လာ |
| ၅၁ | ဦးစိုင်ချောအေးချမ်း | အတွင်းရေးမှူး |
| ၅၂ | ဦးမင်းအောင်ဇော် | MD<br>အေးချမ်းသူ |
| ၅၃ | ဦးအောင်ခေါင်ဘမ်း | ဒုရုံးအုပ်<br>ချွန်းရင်းခူးကုမ္ပဏီ |
| ၅၄ | ဦးဇော်ဇော်ထွန်း | အဖွဲ့ဝင်<br>စင်ကြိုင်ကုမ္ပဏီ၊ ဝိုင်းမော် |
| ၅၅ | ဒေါ်ဝင်းမျိုးသွယ် | အဖွဲ့ဝင်<br>ရွှေကူလုပ်ငန်းရှင်အသင်း |
| ၅၆ | ဦးလှရစ် | MD<br>ဆွတ်ဘွမ်၊ ဝိုင်းမောင် |
| ၅၇ | ဦးယောဟန် | ဒါရိုက်တာ<br>တောင်မိုးရေ၊ မြစ်ကြီးနား |

| | | |
|---|---|---|
| ၅၈ | ဦးဂျွန်လာဘ်မင်း | တာဝန်ခံ<br>ဖူးပြည့်လု၊ မြစ်ကြီးနား |
| ၅၉ | ဦးအောင်ဆည် | ဥက္ကဋ္ဌ<br>သစ်လုပ်ငန်းရှင်များ၊ မြစ်ကြီးနား |
| ၆၀ | ဦးမွန်းပန် | ရုံးတာဝန်ခံ၊<br>Sea Sun Stars Co, Ltd၊ မြစ်ကြီးနား |
| ၆၁ | ဦးခေါင်ဇယ် | ရုံးတာဝန်ခံ၊<br>Sea Sun Stars Co, Ltd၊ မြစ်ကြီးနား |
| ၆၂ | ဦးဂျီယူဆီး | ဒါရိုက်တာ၊<br>ကာချီဒေကုမ္ပဏီ၊ ရွှေစက် |
| ၆၃ | ဦးအိုက်ပေါင်း | MD<br>လားခမ်းကုမ္ပဏီ၊ ဝိုင်းမော် |
| ၆၄ | ဦးဆောင်တိန် | အဖွဲ့ဝင်<br>စင်ကြိုင်ကုမ္ပဏီ၊ မြစ်ကြီးနား |
| ၆၅ | ဦးရန်နိုင်စိုး | မန်နေဂျာ<br>စင်ကြိုင်ကုမ္ပဏီ၊ မြစ်ကြီးနား |
| ၆၆ | ဒေါ်စုစုခိုင် | အဖွဲ့ဝင်<br>စင်ကြိုင်ကုမ္ပဏီ၊ မြစ်ကြီးနား |
| ၆၇ | ဒေါ်ကြည်ဖြူခန့် | အဖွဲ့ဝင်<br>စင်ကြိုင်ကုမ္ပဏီ၊ မြစ်ကြီးနား |
| ၆၈ | ဦးအောင်ဘုန်းမြင့် | အဖွဲ့ဝင်<br>စင်ကြိုင်ကုမ္ပဏီ၊ မြစ်ကြီးနား |
| ၆၉ | ဒေါ်ခင်တာမင်း | ကိုယ်စားလှယ်<br>Sea Sun Stars Co, Ltd၊ မြစ်ကြီးနား |
| ၇၀ | ဒေါ်ခေါ်နန် | ဒါရိုက်တာ<br>KWU |
| ၇၁ | ဦးခေါင်ကောင်း | Field Officer<br>TANKS |
| ၇၂ | ဦးမျိုးအောင် | SC<br>TANKS |
| ၇၃ | ဦးမင်ဆိုင်း | Member<br>TANKS |
| ၇၄ | Naw Htoi | Executive Director<br>TANKS |
| ၇၅ | Ja Bauk | PO<br>Spectrum |
| ၇၆ | Ja Khawk | PM<br>TANKS |
| ၇၇ | ဦးမျိုးမြင့်အောင် | MWD |
| ၇၈ | Bauk Ra | AC<br>Metta |

| | | |
|---|---|---|
| ၇၉ | La Tawng | Forest Team Leader<br>BRIDGE |
| ၈၀ | Nu Ja | PO<br>TANKS |
| ၈၁ | Ju Dun Aung | Researcher<br>TANKS |
| ၈၂ | ဦးမျိုးစန်း | Director<br>TANKS |
| ၈၃ | Srang Aung | Director<br>Htoi San LDO |
| ၈၄ | ဦးရဲဝင်းထိုက် | Director<br>NGDA |
| ၈၅ | Tum Hpang | TANKS Member<br>Metta |
| ၈၆ | ဦးရဲမြင့်ထွန်း | မနဘကင်းထောက်<br>Skynet |
| ၈၇ | La Nan | Project Manager<br>TANKS |
| ၈၈ | Jawbum Pan Tin | Admin<br>TANKS |
| ၈၉ | ဦးမျိုးသူ | PO<br>Oxfam |
| ၉၀ | ဦးမော်ထွန်းအောင် | NRGI |
| ၉၁ | ဒေါ်နှင်းထက်ထက်အောင် | Programme Manager, NCS |
| ၉၂ | ဦးဇွဲစည်သူအောင် | Beneficial Ownership Coordinator, NCS |
| ၉၃ | ဒေါ်ထက်နန္ဒာအောင် | Senior Communication Officer, NCS |
| ၉၄ | ဦးစိုးသီဟနိုင် | Admin Officer, NCS |
| ၉၅ | ဦးတက်ထွန်းဆိုင် | Admin Assitant, NCS |

## (၃) တိုင်း/ ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ တာဝန်၊ ဝတ္တရားနှင့် လုပ်ငန်းလမ်းညွှန်များ

မြန်မာနိုင်ငံ တွင်းထွက် သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး
သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့ (MEITI – MSG)
ပြည်နယ်/တိုင်းဒေသကြီး အဆင့်လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Sub – national Coordination Group)များ၏ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ (မူကြမ်း)

၁။ နိဒါန်း

မြန်မာနိုင်ငံ တွင်းထွက် သယံဇာတ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (MEITI–MSG)၏ အစည်းအဝေး ဆုံးဖြတ်ချက်အရပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့များကိုပြည်နယ်နှင့်တိုင်းသီးသီးတွင်ဖွဲ့စည်းရန် သဘောတူညီခဲ့ကြပြီး လုပ်ငန်းစဉ်များအောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် ပြည်နယ်နှင့်တိုင်း ဒေသကြီး အဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Sub – national Coordination Group) များ၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ရေးဆွဲပြဋ္ဌာန်းပါသည်။

၁.၁။ မျှော်မှန်းချက်

သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအတွင်း သဘာဝသယံဇာတများ စီမံအုပ်ချုပ်မှု လုပ်ငန်းများ တွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ရေရှည်တည်တံ့သော လူမှုစီးပွားဖွံ့ဖြိုးမှုကို ပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှု အနည်းဆုံးဖြင့် သက်ဆိုင်သူများအားလုံးအတူပူးပေါင်းလုပ်ဆောင်ရန်။

၂။ ရည်ရွယ်ချက်များ

(က) EITI ဆိုင်ရာ အမြင်ဖွင့်ခြင်းနှင့် စွမ်းဆောင်ရည် တည်ဆောက်မှုသတင်းများ အကောင်အထည် ဖော်ရာတွင် အစိုးရ၊ ပုဂ္ဂလိကနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပံ့ပိုးကူညီပေးနိုင်ရန်။
(ခ) သုံးပွင့်ဆိုင်အဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်မှုကို မြင့်တင်ရန်။
(ဂ) ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် EITI လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင်တွေ့ကြုံရမည့် အငြင်းပွားမှု များနှင့် အခက်အခဲများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများအတူဖော်ထုတ် ဖြေရှင်းခြင်းနှင့် မဖြစ်အောင်ကြိုတင်ကာကွယ်ပြင်ဆင်ခြင်းများအတူလက်တွဲလုပ်ဆောင်ရန်။
(ဃ) ပြည်ထောင်စုအဆင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ ကျင့်ဝတ်များနှင့် လုပ်ထုံးလုပ်နည်းများကို လေးစား လိုက်နာလုပ်ဆောင်ရန်။
(င) ပြည်နယ်/ တိုင်းဒေသကြီးအတွင်း သယံဇာတတူးဖော်ထုတ်လုပ်နေသည့်လုပ်ငန်းများတွင် လုပ်ကိုင်နေသည့် ကုမ္ပဏီများအား ပွင့်လင်းမြင်သာမှု ရှိအောင် တွန်းအားပေးရန်။

၃။ လိုက်နာရမည့် အခြေခံမူဝါဒ

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ တွင်းထွက် သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ၏

တာဝန်နှင့် ဝတ္တရားသတ်မှတ်ချက် အပိုဒ် (၄)ပါ အခြေခံမူများကို လေးစားလိုက်နာရမည်ဖြစ်ပါသည်။ ၎င်းအဖွဲ့များက ဆွေးနွေးသဘောတူညီထားသော လုပ်ငန်းစဉ်များမှ ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ ဆက်စပ် အကြောင်းအရာကို တာဝန်ယူညှိနှိုင်း ဖြေရှင်းရမည့်ဖြစ်ပြီး လုပ်ငန်းစဉ်များနှင့်ဆက်စပ်မှု မရှိသော၊ အဖွဲ့အတွင်း ဆွေးနွေးသဘော တူညီထားသော လုပ်ငန်းစဉ်များမှ သွေဖီသော အကြောင်းအရာများဖြစ်ပေါ်လာမည်ဆိုပါက သက်ဆိုင်ရာ ကိုယ်စားပြုအဖွဲ့(သို့မဟုတ်) လူပုဂ္ဂိုလ် တာဝန်ယူဖြေရှင်းရမည် ဖြစ်ပါသည်။ ၎င်းအပြင် ဆွေးနွေးသဘော တူညီထားသော လုပ်ငန်းစဉ်များ; ကို အကောင်အထည်ဖော်ဆောင်ရာတွင်လည်း ပြည်နယ်/တိုင်းဒေသကြီး အသီးသီးရှိ နာယက (ဝန်ကြီး) Sub-Coordination Unit သို့ ကြိုတင် အသိပေးဆောင်ရွက် သွားရမည်ဖြစ်ပါသည်။

## ၄။ ဖွဲ့စည်းပုံ

### ၄.၁။ နာယက

သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ ဝန်ကြီးချုပ်က တာဝန်ပေးအပ်သော EITI လုပ်ငန်းစဉ်နှင့် သက်ဆိုင် သည့်ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးသည် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏နာယကဖြစ်ပြီး ၎င်းအဖွဲ့များ၏ လုပ်ငန်းစဉ်များအောင်မြင်ရေးအတွက် ကူညီ ဆောင်ရွက်ပေးရမည်။

### ၄.၂။ အစိုးရကိုယ်စားလှယ်များ

ဖွဲ့.စည်းပုံတွင်သက်ဆိုင်ရာဒေသရှိ အောက်ဖော်ပြပါဝန်ကြီးဌာနများမှကိုယ်စားလှယ်တစ်ဦးစီပါဝင်ဖွဲ့စည်းမည် ဖြစ်ပါသည် -

(က) ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

(ခ) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဂ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
(ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန နှင့် သစ်တောဦးစီးဌာန ၊ သတ္တုတွင်းဦးစီးဌာန )

(ဃ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)

### ၄.၃။ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ

သဘာဝပတ်ဝန်းကျင်နှင့် EITI လုပ်ငန်းစဉ်ကို စိတ်ပါဝင်စား၍၎င်းလုပ်ငန်းနှင့် ဆက်စပ်နေသည့် ဒေသတွင်း အရပ်ဘက်လူမှု အဖွဲ့အစည်းဖြစ်သည့် MATA မှ သဘောတူရွေးချယ်ထားသည့် ကိုယ်စားလှယ် ၅ ဦးတို့ပါဝင်ပါမည်။

### ၄.၄။ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ်များ

EITI ဖြစ်စဉ်သည် တာဝန်ခံမှုအရေးကြီးသောကြောင့် သက်ဆိုင်ရာဒေသအတွင်း EITI လုပ်ငန်းနှင့် ဆက်စပ်နေသည့် ပုဂ္ဂလိကလုပ်ငန်းရှင်အဖွဲ့အစည်းဝေးများမှ သဘောတူရွေးချယ်ထားသည့် မြန်မာနိုင်ငံသတ္တုတွင်း လုပ်ငန်းရှင်များအသင်းချုပ်၊မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်၊သစ်လုပ်ငန်းရှင်များအသင်း

၊ MFPTMA ၊ ရေနံနှင့်သ ဘာဝဓါတ်ငွေ့ရောင်းဝယ်သူ လုပ်ငန်းရှင်များ စသည့်ဖြင့် စုစုပေါင်းကိုယ်စားလှယ် ၅ ဦးတို့ ပါဝင်ပါမည်။

**၄.၅။ အတွင်းရေးမှူးအဖွဲ့**

သက်ဆိုင်ရာအစုအဖွဲ့တစ်ခုစီမှ ကိုယ်စားလှယ် တစ်ဦးပါဝင်သော အတွင်းရေးမှူးအဖွဲ့ ခန့်အပ်ထားမည်။

**၅။ အဓိကလုပ်ငန်းစဉ် (၄) ရပ်**

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့များအနေဖြင့် အောက်ဖော်ပြပါ အဓိကလုပ်ငန်းစဉ် (၄)ရပ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) **ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း။ (Coordination)**

- အဖွဲ့များ၏ ဖွဲ့.စည်းပုံ၊ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ၊ လုပ်ငန်းအစီအစဉ်များ (Work plan) ကို ပါဝင်သော ကိုယ်စားလှယ်၊ အဖွဲ့ပဝင်များ၏ သဘောတူညီချက်ဖြင့် လုပ်ဆောင်ရမည်။

- အဖွဲ့များ၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် MEITI ညှိနှိုင်းဖော်ဆောင်ရေး အတွင်းရေးမှူးရုံးနှင့် MEITI – MSG နှင့် အတူတကွ ညှိနှိုင်းလုပ်ဆောင်ရမည်။

-ဤအဖွဲ့၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် သုံးပွင့်ဆိုင် အဖွဲ့ဝင်များနှင့် အတူ လက်တွဲ လုပ်ဆောင်ရမည်။

(ခ) **လုပ်ငန်းစီမံခန့်ခွဲမှု (Task Management)**

- အစည်းအဝေး (လစဉ်ပုံမှန်အစည်းအဝေး) ပြုလုပ်ခြင်း။

- အစည်းအဝေးကျင်းပခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီလက်တွေ့ အကောင်အထည် ဖော်ဆောင်ရွက်ရမည်။

- အစည်းဝေးကို အနည်းဆုံးတစ်ပတ်ကြိုတင်၍ အတွင်းရေးမှူးအဖွဲ့မှတစ်ဆင့် ဖိတ်ကြားရမည်။

-အစည်းဝေးအစီအစဉ်မူကြမ်းအား အတွင်းရေးမှူးအဖွဲ့မှ အဆိုပြုတင်သွင်းပြီး တက်ရောက်သူ များနှင့် အစည်းအဝေးမတိုင်မီ အတည်ပြုချက်ရယူရမည်။

-အစည်းအဝေးမှတ်တမ်းမူကြမ်းအား (၁)ရက်အတွင်းထုတ်ဝေပြီး တက်ရောက်လာသူများမှ (၃)ရက်အတွင်း အကြံပြုချက်များရယူရမည် ။

-အစည်းအဝေးကို ကိုယ်စားလှယ်များအားလုံး အဆင်ပြေတက်ရောက်နိုင်မည့် သဘောတူသည့် နေရာတွင် ကျင်းပရမည်။

-၄-

-လိုအပ်လျှင် လိုအပ်သလို အရေးပေါ်အစည်းအဝေးများကို ခေါ်ယူကျင်းပနိုင်သလို ကွင်းဆင်း လေ့လာခြင်းများ ကိုလည်းပြုလုပ်နိုင်ရမည်။

-သုံးပုံနှစ်ပုံ(အစုအဖွဲ့တစ်ခုချင်းစီအလိုက်ကိုယ်စားလှယ်တစ်ဝက်ကျော်)သောကိုယ်စား လှယ်များ တက်ရောက်ပါ ကအစည်းအဝေး ထမြောက်သည်။

-အစည်းအဝေးကျင်းပရာတွင် MEITI - MSG ၏ TOR နှင့်အညီ လုပ်ဆောင်ရမည်။

-အစည်းအဝေးဆုံးဖြတ်ချက်များချမှတ်ရာတွင် ပုံမှန်အားဖြင့် ဆုံးဖြတ်ချက်အားလုံးကို တက်ရောက်သူ ကိုယ်စားလှယ်တိုင်း၏ သဘောတူညီမှုဖြင့် ချမှတ်ဆောင်ရွက်ရမည်။ (တက်ရောက်သော ကိုယ်စားလှယ်မှသဘောမတူညီသောဆုံးဖြတ်ချက်များကိုသာ တက်ရောက်လာသောကိုယ်စားလှယ်များ အားလုံးမှသဘောတူညီသည်အထိ ညှိနှိုင်းဆောင်ရွက်ရန်။)

-အစည်းဝေးမှတ်တမ်းပြုစုရေးသားခြင်းကိုအတွင်းရေးမှူးအဖွဲ့မှတာဝန်ယူဆောင်ရွက်ရမည် ဖြစ်ပြီး ကိုယ်စားလှယ်များ၏ သဘောတူညီမှုဖြင့် ပုံမှန် ထုတ်ပြန်ရမည်ဖြစ်သည်။

-အသုံးစရိတ်ပါထည့်သွင်းတွက်ချက်ထားသောလုပ်ငန်းအစီအစဉ်တစ်ရပ်(Work plan) ကိုရေးဆွဲရမည်ဖြစ်ပါသည်။

-ဤအဖွဲ့၏လုပ်ငန်းအစီအစဉ်များကိုအချိန်နှင့်တစ်ပြေးညီအကောင်အထည် ဖော်နိုင်ရေး အတွက်ပါဝင်ကြီးကြပ်ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ ဒေသများရှိ စီမံကိန်းများသို့လိုအပ်လျှင်လိုအပ်သလို EITI စံသတ်မှတ်ချက်များနှင့် အညီ လိုအပ်သော သတင်းအချက်အလက်များကို ကောက်ခံခြင်း၊ ကွင်းဆင်းစောင့်ကြည့် အကဲဖြတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်းများကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

-ဤအဖွဲ့၏ လုပ်ငန်းစဉ်များအတွက် ရန်ပုံငွေ ရှာဖွေခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲမှုများကို တာဝန်ခံကြီး ကြပ်ဆောင်ရွက် ရမည်။

(ဂ) စွမ်းဆောင်ရည်မြှင့်တင်ခြင်း။ **(Capacity Building)**

-ဤအဖွဲ့သည် ပြည်ထောင်စုအဆင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့နှင့် ညှိနှိုင်းချိတ်ဆက်၍ EITI ဆိုင်ရာ အမြင်ဖွင့်ခြင်း၊ စွမ်းရည်မြှင့်တင်မှုနှင့် အရည်အသွေးမြင့်မားရေးအတွက် လုပ်ဆောင်ချက်များကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအ တွက် ဦးစားပေး၍ စဉ်ဆက်မပြတ် ပုံမှန်လက်တွေ့ အကောင်အထည်ဖော် ဆောင်ရမည်။

-သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီး၏ ကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာပုဂ္ဂိုလ်များ၊

သက်ဆိုင်ရာဒေသတွင်းရှိ ပြည်သူများ

-လိုအပ်သော အမြင်ဖွင့်မှုနှင့် စွမ်းရည်မြင့်မားမှုဆိုင်ရာ သတင်းအချက်အလက် စာစောင်များကို လည်း ထုတ်ဝေဖြန့်ချီ ရမည်။

(ဃ) ကွန်ယက်ချိတ်ဆက်ခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း။ (Networking and Communication)

-ဤအဖွဲ့သည် လိုအပ်သော EITI ဆိုင်ရာသတင်းအချက်အလက်များကို ပုံမှန်အစဉ်ဆက်မပြတ် စုဆောင်းမှတ်တမ်းတင်ခြင်း၊ပြည်သူလူထု၏သဘောထားအမြင်များကိုစုဆောင်းခြင်း၊ ပြန်ကြားခြင်း နှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခြင်းများကိုလက်တွေ့အကောင်အထည်ဖော်လုပ်ဆောင်ရမည်။

-EITIဆိုင်ရာသတင်းအချက်အလက်များကို ကျယ်ပြန့်စွာ ရရှိစေနိုင်မည့် ဆက်သွယ်ရေးမဟာဗျူဟာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆက်သွယ်တည်ဆောက်ရာ တွင် ပံ့ပိုးပေးရမည်။

-လစဉ်ပုံမှန်အစည်းအဝေးမှတ်တမ်းနှင့် နှစ်စဉ်လုပ်ငန်းအစီရင်ခံစာကို နာယကနှင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေး အတွင်းရေးမှူးရုံးသို့ အပြန်အလှန် ပေးပို့ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းများကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရမည်။

-ဤအကောင်အထည်ဖော်လုပ်ဆောင်မှုများကို EITI ၂၀၁၆ စံနှုန်းပါ ပြဌာန်းချက်များနှင့်အညီ လုပ်ဆောင်ရမည် ဖြစ်သည်။

Structure of Sub-national coordination Unit

